ကတညုတာ တော် မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၀)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စပိန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန်   မေ   ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် စပိန်နိုင်ငံ ဝန်ကြီးချုပ်အသစ် မစ္စတာဟိုဆေ၊ လူဝီ၊ ရိုဒရီဂက်ဇ်၊ ဇာပါတေအိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကို မေ ၁၇ ရက်တွင် ညောင်နှစ်ပင်ကွင်းစခန်း၌စတင်ကျင်းပမည် ညောင်နှစ်ပင်ကွင်းစခန်း၌ ညီလာခံကျင်းပနိုင်ရေးအတွက် ပြည့်ပြည့်စုံစုံဆောင်ရွက်ထား တက်ရောက်ရမည့်ကိုယ်စားလှယ်များကို မေ ၇ ရက်မှ စတင်ဖိတ်ကြားထားပြီးဖြစ် ယခင်အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကထုတ်ပြန်ထားသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့်အညီကျင်းပသွားမည် အမျိုးသားညီလာခံကြီးအောင်အောင်မြင်မြင်ကျင်းပနိုင်ရေး စေတနာထားဆောင်ရွက်

ရန်ကုန်   မေ   ၁၉

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ဒုတိယအကြိမ်ဆွေးနွေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးရန်အတွက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့်အတူ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ▼

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ဝင်ငွေတိုးအောင်စီမံ

၁၉၁၈ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ပြင်ဦးလွင်မြို့ရှိ အစိုးရရုက္ခဗေဒဥယျာဉ်ကို အဆင့်မြင့်မွမ်းမံပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် ပြင်ဦးလွင်အမည်ဖြင့် ၂၀၀၁ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံရှိ သစ်မျိုးစုံ၊ ဝါးမျိုးစုံ၊ ပန်းပင်မျိုးစုံတို့ကို အမျိုးသားကန်တော်ကြီးဥယျာဉ် တစ်နေရာတည်းတွင် စုစုစည်းစည်း လေ့လာမှတ်သား ကြည့်ရှုနိုင်အောင် ပြည့်ပြည့်စုံစုံ စုဆောင်းပြသထားရန်၊ ပြည်နယ်နှင့်တိုင်းအလိုက် ထင်ထင်ရှားရှား တည်ရှိသည့် Natural Land Mark များ၏ ပုံတူများကို ကြည့်ချင်စဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ လည်ပတ်ချင်စဖွယ် ဖြစ်အောင် စီစဉ်ပြသသွားရန်၊ တဖြည်းဖြည်း Land Mark Garden of Myanmar ဖြစ်အောင်၊ ထင်ရှားကျော်ကြားသည့် ဥယျာဉ်ကြီးတစ်ခု ဖြစ်အောင်၊ ပျော်ရွှင်ချမ်းမြေ့ ကြည်နူးစွာဖြင့် လေ့လာ အပန်းဖြေနိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းတည်ဆောက်သွားရန် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁၃ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက –

"အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ယခုအခါ အရှိန်အဟုန်ရရှိနေပြီဖြစ်သဖြင့် ပို၍ပြည့်စုံစေအောင်၊ ပို၍သာယာကြည်နူးဖွယ်ရာ၊ လေ့လာဖွယ်ရာဖြစ်အောင် အစဉ်ပြုပြင်မွမ်းမံ ဖြည့်ဆည်းနေရန် လိုကြောင်း၊ ယခင် မိမိရောက်ရှိစဉ် မှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ပြည့်စုံအောင် အကောင်အထည်ဖော်သွားရန် ဖြစ်ကြောင်း"

လမ်းညွှန်မှာကြားသည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို အဆင့်မြှင့် မွမ်းမံပြင်ဆင် ဆောင်ရွက်လျက်ရှိပြီး သစ်မျိုး၊ ဝါးမျိုး၊ သစ်ခွမျိုးများ၊ပန်းမျိုးများ စုံလင်အောင် စုဆောင်းစိုက်ပျိုးထားရှိသည်။ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပြည်နယ်၊ တိုင်းအလိုက် ထူးခြားစွာ တည်ရှိနေမှုများကို သရုပ်ဖော်ထားသည့် Natural Land Mark Garden တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဥယျာဉ်အတွင်း နန်းမြင့်မျှော်စင် တည်ဆောက်ဖွင့်လှစ်ခဲ့ရာ နန်းမြင့်မျှော်စင်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ပြည်တွင်းပြည်ပမှ ဧည့်သည်များ တိုးတက်လာရောက်လျက်ရှိပြီး ဝင်ငွေတိုးတက်ရရှိနေသည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပြည်တွင်းသစ်မာမျိုး ၄၈၂မျိုး၊ ပြည်ပသစ်မျိုး ၆၇မျိုး၊ သစ်ခွမျိုး ၂၆၀၊ ဝါးမျိုး ၇၅ မျိုး၊ ရွက်လှမျိုး ၇၅မျိုး၊ ရာသီပန်းမျိုး ၂၁၀ စိုက်ပျိုးထားရှိကာ ရာသီအလိုက် အလှပန်းများ လှပစွာပွင့်လန်းလျက်ရှိပြီး စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားသည်။

ထို့ပြင် ဥယျာဉ်အတွင်း ရှားပါးတိရစ္ဆာန်များဖြစ်သည့် ဒေါင်းဖြူ၊ ဒေါင်းစိမ်း၊ မြန်မာ့ရစ်ငှက်မျိုးလေးမျိုးအပါအဝင် ပြည်တွင်းငှက်မျိုးပေါင်း ၁၅မျိုး၊ ရွှေသမင်၊ ကြယ်လိပ်တို့ကို မွေးမြူနိုင်ခဲ့ပြီး ကမ္ဘာ့ရှားပါး စာရင်းဝင် ဇာမဏီငှက် အထီး၊အမ တစ်စုံကို မွေးမြူထားရှိ ပြသထားသည်။ ပြည်ပငှက်မျိုး ၁၆ မျိုးထိ တိုးတက်မွေးမြူနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ရှားပါးစာရင်းဝင် သားမင်းလေးကောင် မွေးမြူထားရာ မျိုးပွားရန် အရွယ်ရောက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို အဆင့်မြှင့်တင်ပြီး သာယာကြည်နူးဖွယ်ရာ၊ အပန်းဖြေစရာ လေ့လာမှတ်သားဖွယ်ရာနေရာအဖြစ် ပြည်သူအများက ကျယ်ကျယ်ပြန့်ပြန့် သိရှိနေပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်လေ့လာခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက် ရရှိအောင် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀-၄-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Banking (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာရူး မယ့်ရွှေနဖူးစာ"** (အပိုင်း–၂၇)ဇာတ်သိမ်းပိုင်း
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် အယောင်ဆောင်ချစ်သူ"** (အပိုင်း–၃)

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၆)ရပ်ကွက် တပ်မြေနှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ (၃၆) ကြိမ်မြောက် မြို့နယ်အတွင်း ဒေသစာရီကြွချီအပူဇော်ခံမည့် ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်ကပြုလုပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(၃၅၂)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကယားပြည်နယ် ရှားသစ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးစစ်ဆေး မြို့နယ်ခန်းမ တည်ဆောက်ရန်နှင့် ဆေးပဒေသာပင်အတွက် ငွေလှူ

ရန်ကုန် ဧပြီ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၂ရက် မွန်းလွဲပိုင်းက ကယားပြည်နယ် ရှားသစ်မြို့နယ် ရွှေကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဦးဘန္ဒိဒ္ဓအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ရှားသစ်မြို့ စတုမာလဓမ္မာရုံ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအားတွေ့ဆုံကာ တိုင်းမှူးအား ရှားသစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ထွန်းက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်က ရှားသစ်မြို့ မြို့တွင်းလမ်းများ ဖောက်လုပ်ထားရှိမှုနှင့် ရေပေးဝေမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်တိုင်းမှူးကဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး မြို့နယ်ခန်းမတည်ဆောက်ရန်နှင့် မြို့နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက်တိုင်းမှူးသည် ရှားသစ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပတ္တမြားနဂါးကုမ္ပဏီက အဆိုပါကျောင်းသို့ ကွန်ပျူတာ နှစ်လုံးနှင့် ပညာရေးပဒေသာပင် ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။အစီအစဉ်အရ ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးက ရှားသစ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှစ်လုံး ပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ပေးပို့လှူဒါန်းသော ကွန်ပျူတာနှစ်လုံးအား ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦးက ပေးအပ်လှူဒါန်းရာ ရှားသစ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတာဝန်ခံ ဒေါ်မြရင်ကလက်ခံရယူသည်။

ကျေးဇူးတင်စကား

ထို့နောက် ပညာရေးပဒေသာပင်အတွက် တိုင်းမှူးက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ခံ ဒေါ်မြရင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သစ်ကူး အဋ္ဌရာယ်ကင်းပရိတ်ရွတ်၊ သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၁၉

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးအဋ္ဌရာယ်ကင်း ပရိတ်ရွတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန အားကစားခန်းမတွင် ဧပြီ ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ပြင်ဦးလွင်မြို့နယ်မှ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်နှင့် ရဲအရာရှိများ၊ မိသားစုများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူတို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက အဋ္ဌရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊သင်တန်းသားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ မီးသတ်သင်တန်းကျောင်းနှင့် ပြင်ဦးလွင်မြို့နယ် ဓီးပင်ကြီးကျေးရွာ၊ ပေပင်ကျေးရွာတို့မှ အသက် ၈၀ နှစ်အထက် အဘိုးအဘွား ၂၆ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြု ပူဇော်ကန်တော့ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၁၉

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်နှင့် ပညာရှင်များ၊ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီအသီးသီးက လုပ်ငန်းစီမံချက်များ၊ ရေးဆွဲဆောင်ရွက်နေမှုအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ စီမံလန်းစိုပြည်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အစည်းအဝေးများ ကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာ စကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေ ၄နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာနှင့် တိပိဋကဓရစာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပူဇာမင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆက်ကပ်အပ်သော "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရဆရာတော်၏ ဆရာသမားဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး ရတနာစုဝံနှင့် သဇ္ဇနောဒယချောင် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တသဇ္ဇနာဘိဝံသ "အဘိဓဇမဟာရဋ္ဌဂုရု"ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်ဝေပုလ္လာလင်္ကာရ၊ အရှင်ဝိသိဋ္ဌာလင်္ကာရ၊ အရှင်ဿဘာသာလင်္ကာရနှင့် အရှင်သုဇာတာလင်္ကာရ စာချဘုန်းကြီးများအား ဂုဏပူဇာ မင်္ဂလာများကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက်(ဧပြီ ၂၄ ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရေကူး၊ ကမ္ဘာအေးအရှေ့ ဝါယာလက် ၂ လမ်း၊ တိပိဋကမဟာ ဂန္ဓာရုံကျောင်းတိုက် သီရိမင်္ဂလာ အနန္တဂုဏ်ရည်ငါးထပ်ကျောင်းတော်ကြီး ဖုန်း-၆၆၁၄၆၇၊ ၆၅၀၃၁၃ ၌ ပူးတွဲကျင်းပမည်ဖြစ်ရာ တပည့်ရဟန်းများ၊ ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်အားပေးချီးမြှောက်နိုင်ကြောင်း အကျိုးတော်ဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး၊ အော်တိုအိတ်ချိန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၁၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၁၇ ရက်တွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ ရောက်ရှိပြီး နန်းမြင့်မျှော်စင် ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ညောင်ဦးမြို့နယ် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသို့ သွားရောက်စစ်ဆေးပြီး အများပြည်သူသုံး တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးမှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း ဆင်ဖြူကျွန်းမြို့သို့ ရောက်ရှိကြပြီး နံနက် ၁၀ နာရီခွဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆင်ဖြူကျွန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်များသည် အော်တိုအိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် စလင်းမြို့သို့ ရောက်ရှိကြပြီး စလင်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်များသည် အော်တိုအိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ စလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက အမှာစကား ပြောကြားပြီး အော်တိုအိတ်ချိန်းသစ်များ ဖွင့်လှစ်ပေးခြင်းအတွက် စလင်းမြို့မှ မြို့မိမြို့ဖ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပွင့်ဖြူမြို့သို့ ရောက်ရှိပြီး ပွင့်ဖြူမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း နှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်ဧည့်သည်များသည် အော်တိုအိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဧပြီ၁၈ရက်တွင်ဝန်ကြီးသည်နံနက်ပိုင်းတွင် မကွေးမြို့ ဆက်သွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ထွက်ခွာလာရာ တောင်တွင်းကြီးမြို့သို့ ရောက်ရှိသည်။ ဝန်ကြီးသည်တောင်တွင်းကြီးမြို့၌ ပြုပြင်တည်ဆောက်လျက်ရှိသော ရှေးဟောင်း သမိုင်းဝင် အောင်မြင်ဇေယျစေတီတော်ကြီးတွင် ဂေါပကအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေး အင်ဂျင်နီယာများနှင့်တွေ့ဆုံကာ စေတီတော်ကြီး အတွက် လိုအပ်ချက်များဆွေးနွေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ရွှေအင်းတောင်ဘုရားသို့ သွားရောက်ပြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုသည်။ ထို့နောက်ဝန်ကြီးသည် တောင်တွင်းကြီးမြို့နှင့် အောင်လံမြို့တို့သို့ ရောက်ရှိပြီး ဆက်သွယ်ရေး လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြေစိုက်နံရံကပ်ပြဘုတ်နှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲအခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဆွေဆွေသန်းနှင့် အလှူရှင် မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်နေ ဦးပြေအေးတို့က မြေစိုက်နံရံကပ်ပြဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ သဖန်းဆိပ်ဘက်စုံ ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၅၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉:၁၅ ၁၃။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၁၉:၂၅ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
၁၉:၄၀ ၁၅။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၄)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ် (၁၄) ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက်က အထက (၅) အလုံတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးဝင်းနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

နာဂျက်ဖ်မြို့ကို ကန်တို့တိုက်ခိုက်လျှင် စစ်ပွဲဖြစ်ပွားမည်ဟု ဆာဒါ၏တပ်ဖွဲ့ဝင်များက ပြောကြား

ဘဂ္ဂဒက် ဧပြီ ၁၈

နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များကတိုက်ခိုက်ခဲ့လျှင် စစ်ပွဲဖြစ်ပွားလိမ့်မည်ဖြစ်ကြောင်း အီရတ် ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုတာဒါအယ်ဆာဒါ၏တပ်ဖွဲ့ဝင်များက သောကြာနေ့တွင် ပြောကြားလိုက်သည်။

နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀ခန့်က ဝိုင်းရံထားသော်လည်း တိုက်ခိုက်မှုမပြုလုပ်သေးကြောင်း သိရသည်။ ဆာဒါ၏မီဒီတပ်ဖွဲ့အား မဖျက်သိမ်းနိုင်ကြောင်း ဆာဒါက သန္နိဋ္ဌာန်ပြုပြောဆိုပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းမှုအခွင့်အလမ်းများ မှေးမှိန်ခဲ့ရသည်။

သွေးချောင်းစီးမည်

အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့ကိုတိုက်လာလျှင် သင်တို့၏ သွေးများချောင်းစီးသွားလိမ့်မည်ဟု ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်ရှိ အယ်ဆာဒါကို ထောက်ခံသူ ထောင်ပေါင်းများစွာထဲမှ တစ်ဦးဖြစ်သူ ရှိတ်နက်စ်ဆာအယ်စီဒီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ရှာဖွေစစ်ဆေး

ဧပြီ ၁၈ရက်က နာဂျက်ဖ်မြို့အပြင်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးကို ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာကို ကန်တို့ ဝိုင်းထားပြီးတိုက်ခိုက်နေမှု စက်ဆုပ်ဖွယ်ကောင်းသည့်လုပ်ရပ်ဟု စစ္စတာနီစွပ်စွဲ

ဖော်လူဂျာ ဧပြီ ၁၇

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အား ဝိုင်းထားပြီး ပစ်ခတ်တိုက်ခိုက်လျက်ရှိသော အမေရိကန်တို့၏လုပ်ရပ်ကို စက်ဆုပ်ဖွယ်ကောင်းသော လုပ်ရပ်အဖြစ် အီရတ်ရှိ ဩဇာအာဏာ အကြီးမားဆုံးခေါင်းဆောင် အယ်စစ္စတာနီက စွပ်စွဲ ပြောကြားလိုက်သည်။ သဘောထားကွဲလွဲမှုများအား ငြိမ်းချမ်းစွာဖြေရှင်းကြရန်လည်း စစ္စတာနီက တိုက်တွန်းလိုက်သည်။ အမေရိကန်စစ်ဘက်နှင့် အီရတ်အရပ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များသည် ဖော်လူဂျာမြို့ ခေါင်းဆောင်ပိုင်းနှင့် စတင်ဆွေးနွေးနေပြီ ဖြစ်သည်။ ဖော်လူဂျာမြို့ကို ဝိုင်းထားပြီးနောက် အီရတ်အာဏာပိုင်တို့သည် ဒေသဆိုင်ရာ ခေါင်းဆောင်များနှင့်သာ တွေ့ဆုံဆွေးနွေးရသေးသည်။

ဤအတောအတွင်း အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့နှင့် အနီးတစ်ဝိုက်ရှိ ကူဖာမြို့တို့တွင်လည်း တိုက်ပွဲများ ကြို့ကြားကြို့ကြား ဖြစ်ပွားနေရာ တင်းမာမှုများ ဖြေရှင်းနိုင်ရန် ဆွေးနွေးမှုများပြုလုပ်နေပြီ ဖြစ်သည်။ ဆက်ပြီး ဆွေးနွေးသွားမည်ဖြစ်သော်လည်း အတိုင်းအတာ ကန့်သတ်မှုရှိကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

အီရတ် ခေါင်းဆောင် အယ်လ်ဆာဒါသည် နာဂျက်ဖ်မြို့၌ဆက်လက်ပုန်းအောင်းနေသည်ဟု ယူဆရပြီး မည်သို့ အခြေအနေမျိုး၌မဆို ၎င်း၏ပြည်သူ့စစ်အဖွဲ့ကို ဖျက်သိမ်းမည်မဟုတ်ကြောင်း အယ်လ်ဆာဒါက ပြောကြားလိုက်သည်။

(စီအင်န်အင်န်)

လမ်းပိတ်ထား

အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှု ရပ်တန့်သွားစေရေးအတွက် ဖော်လူဂျာနှင့် ဘဂ္ဂဒက်မြို့သို့ ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးအား အမေရိကန်တို့က ဧပြီ ၁၈ရက်က ပိတ်ထားလိုက်သည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်အရပ်သား ဓားစာခံနှစ်ဦးလွှတ်မြောက်

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်နိုင်ငံတွင် ဖမ်းဆီးခံထားရသော ဂျပန်အရပ်သား ဓားစာခံနှစ်ဦးမှာ ဘဂ္ဂဒက်မြို့တော်တွင် စနေနေ့က ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

ဂျပန်အရပ်သား ဓားစာခံနှစ်ဦးဖြစ်သူ ဂျန်ပီယာဆူဒါနှင့် နိုဘူတာကာဝါတာနာဘေးတို့သည် ပင်ပန်းနွမ်းနယ်နေပုံရသော်လည်း ကျန်းမာရေးကောင်းမွန်နေပြီး ဘဂ္ဂဒက်ရှိ ဂျပန်သံတမန်များထံသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျပန်အရပ်သား ဓားစာခံနှစ်ဦးသည် ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ဗုဒ္ဓဟူးနေ့က ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ အသက် ၃၀ရှိ ယာဆူဒါသည် စာနယ်ဇင်းသမား တစ်ဦးဖြစ်ပြီး၊ အသက် ၃၆နှစ်ရှိ ဝါတာနာဘေးမှ ဂျပန်စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးကလည်း ဂျပန်အရပ်သား ဓားစာခံနှစ်ဦးမှာ ပြန်လည်လွတ်မြောက်လာပြီး ဘဂ္ဂဒက်ရှိ ဂျပန်သံတမန်များက ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဂျပန်တပ်များ အီရတ်မှပြန်ခေါ်ရန် ဒီမိုကရက်တစ်ပါတီ တောင်းဆို

တိုကျို ဧပြီ ၁၉

ဂျပန်နိုင်ငံမှကာကွယ်ရေးတပ်ဖွဲ့များကို ပြန်လည်ခေါ်ယူရန် ဂျပန်ဒီမိုကရက်တစ်ပါတီက တောင်းဆိုပြောကြားခဲ့သည်။ အီရတ်နိုင်ငံ တိုက်ခိုက်ရေး ကင်းမဲ့ဒေသ၌ တပ်ဖြန့်ချထားသော ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များအတွက် တရားဝင်လိုအပ်ချက်ဖြစ်ပြီး ပြီးခဲ့သော ကြာသပတေးနေ့က ဂျပန်ဓားစာခံများလွတ်မြောက်လာပြီးနောက် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်က သတင်းထောက်များကို ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ အီရတ်နိုင်ငံမှာ တိုက်ခိုက်မှုများတိုးပွားလာခြင်းကြောင့် မငြိမ်မသက်မှုများဖြစ်ပွားနေပြီး ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များအတွက် စိုးရိမ်ကြောင်း ကာကွယ်ရေးတပ်ဖွဲ့များကို ပြန်လည်ခေါ်ယူရန် တောင်းဆိုမှုများကိုလည်း ဂျပန်အစိုးရရင်ဆိုင်နေရသည်။

မည်သည့်တပ်ဖွဲ့ရုပ်သိမ်းမှုကိုမဆို အကြမ်းဖက်မှုများအား အလျှော့ပေးမှုအဖြစ် ရှုမြင်မည်မဟုတ်ကြောင်း ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်က ပြောကြားခဲ့သည်။ **(အင်န်အိပ်ချ်ကေ)**

အီတလီဓားစာခံသုံးဦးအား အသက်ချမ်းသာပေးရန် မိသားစုများက ပြန်ပေးဆွဲသူများအား အသနားခံ

ရောမ ဧပြီ ၁၈

အီရတ်နိုင်ငံ၌ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံထားရသော အီတလီလုံခြုံရေးအစောင့်သုံးဦး၏ မိသားစုများက ထိုလူများ၏အသက်ကို သက်ညှာသနားရန် ပြန်ပေးဆွဲသူများအား စနေနေ့က အသနားခံလိုက်သည်။

ထိုအီတလီသုံးဦးသည် အီရတ်သို့ အလုပ်အကိုင်အတွက်သွားရောက်ခြင်းသာဖြစ်ပြီး နိုင်ငံရေးအကြောင်းအရာမရှိကြောင်း ဖမ်းဆီးခံထားရသူတစ်ဦး၏ ညီမဖြစ်သူက ပြောကြားသည်။ သူမ၏မေတ္တာရပ်ခံသော တိပ်ခွေကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးသည်။

ဖမ်းဆီးခြင်းခံရ

မိမိတို့သည် သင်တို့ကဲ့သို့ သာမန်ပြည်သူများသာဖြစ်ကြောင်း၊ ဖမ်းဆီးခံထားရသူ မော်ရီဇီယို၏ ညီမဖြစ်သူ အန်တိုနယ်လာအင်္ဂလီယာနာက ပြောကြားသည်။ မော်ရီဇီယိုသည် ဘဂ္ဂဒက်မြို့ပြင်၌ လွန်ခဲ့သည့် တနင်္လာနေ့တွင် အခြားအီတလီသုံးဦးနှင့်အတူ ဖမ်းဆီးခြင်းခံထားရသည်။

ယင်းသို့တနင်္လာနေ့၌ ဖမ်းဆီးပြီးနောက် နှစ်ရက်အကြာတွင် ဖမ်းထားသူ လေးဦးထဲမှတစ်ဦးကို ပြန်ပေးဆွဲသူများက ပစ်သတ်လိုက်ကြပြီး အီရတ်၌ဖြန့်ချထားသော အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ခန့်ကို ရုပ်သိမ်းရန် အီတလီက ငြင်းဆန်လျှင် ကျန်ဖမ်းထားသူများကိုလည်း သတ်ပစ်မည်ဖြစ်ကြောင်း သတိပေးထားသည်။သူတို့သည် အီရတ်သို့ အလုပ်လုပ်ရန်အတွက်သာ သွားရောက်ကြခြင်းဖြစ်ပြီး နိုင်ငံရေး၊ အတွေးအခေါ်လှုပ်ရှားမှု တစ်စုံတစ်ရာမရှိကြောင်း၊ သင်တို့၌လည်းမိသားစုများရှိရာ မိမိတို့၏ စိတ်သောကဖြစ်ရမှုကို နားလည်သဘောပေါက်နိုင်ကြောင်း၊ မိမိတို့လူများ၏ အသက်ကို သနားညှာတာပေးစေလိုကြောင်း အင်္ဂလီယာနာက ပြောကြားသည်။

ဓားစာခံ ဖက်ဘရီဇီယိုကွပ်ထရိုချီကို ပြန်ပေးသမားများက သတ်ဖြတ်လိုက်သည့်အတွက် အီတလီနိုင်ငံသည် တုန်လှုပ်ချောက်ချားသွားခဲ့ပြီး ဝန်ကြီးချုပ် ဆင်လ်ဗီယိုဘာလူစကိုနီက ကျန်ဖမ်းဆီးခြင်းခံထားရသူများ လွတ်မြောက်ရေးအတွက် မိမိကြိုးစားနေကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အာကာသယာဉ်မှူး သုံးဦးအား ဆိုယုဇ်ယာဉ်ဖြင့် လွှတ်တင်မည်

မော်စကို ဧပြီ ၁၈

နိုင်ငံတကာ အာကာသစခန်း အိုင်အက်စ်အက်စ်၌ သွားရောက် တာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူးသုံးဦးကို ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် တနင်္လာနေ့၌ ခါဇက်စတန်ရှိ အာကာသစခန်းက လွှတ်တင်မည်ဖြစ်သည်။ အဆိုပါ သုံးဦးပါအဖွဲ့သည် ခြောက်လကြာ တာဝန်ထမ်းဆောင်နေသော အမေရိကန်နှင့် ရုရှားအာကာသယာဉ်မှူးနှစ်ဦးတို့နေရာမှာ အစားထိုးတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဒက်ချ်လူမျိုး အာကာသယာဉ်မှူးသည် တစ်ပတ်ခန့်သာ ကြာမြင့်မည်ဖြစ်သည်။ အမေရိကန် အာကာသလွန်းပြန်ယာဉ်များ ပြီးခဲ့သောနှစ်က ရပ်ဆိုင်းခဲ့ချိန်မှစပြီး ရုရှားဆိုယုဇ်ယာဉ်ဖြင့်သာ နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်မှူးများ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးအခြေအနေကြောင့် ရုရှားအာကာသအေဂျင်စီက ၎င်းတို့၏ ဆိုယုဇ်ယာဉ်တွင် ငွေကြေးထောက်ပံ့နိုင်မည့် ခရီးသွားများကို လိုက်ပါခွင့်ပြုရန် စီစဉ်နေရာ အိုင်အက်စ်အက်စ်၌ တာဝန်ထမ်းဆောင်နေသော အာကာသယာဉ်မှူးများ၏ တာဝန်ထမ်းဆောင်သည့်ကာလကို လက်ရှိခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်လိုခြင်း ဖြစ်သည်။

အမေရိကန်တို့အနေဖြင့် အာကာသယာဉ်များ ပြန်လည်ပျံသန်းနိုင်ခြင်း မရှိသေးခြင်းကြောင့် အမေရိကန် အာကာသအေဂျင်စီနာဆာသည် ရုရှားတို့၏ အဆိုပြုချက်ကို မပြစ်ပယ်နိုင်ဘဲ ရှိသည်။

(စီအင်န်အင်န်)

ကူဖာမြို့အနီး ကန်တပ်ဖွဲ့နှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွား

သံချပ်ကာယာဉ်နှစ်စီး ပျက်စီး၊ ကန်တပ်ဖွဲ့ဝင်များသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်နိုင်ငံကူဖာမြို့၌ သောကြာနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာတွင် အီရတ်ပြည်သူ လေးဦးထက်မနည်း သေဆုံးပြီး အခြား ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

နာဂျက်ဖ်မြို့အနီး ဆာဒါထောက်ခံသူများ အခိုင်အမာရှိရာ ကူဖာမြို့အရှေ့ဘက် အဘတ်စီးယားတံတားမှနေ၍ ကူဖာနှင့် အဘတ်စီးယားကြား ကျေးလက်ဒေသသို့အသွား ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များက အမေရိကန်စစ်ယာဉ်တန်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ထွက်ခွာ

တိုက်ပွဲများဖြစ်ပွားရာတွင် သံချပ်ကာယာဉ်နှစ်စီး ပျက်စီးပြီး အမေရိကန်ရဟတ်ယာဉ်တစ်စီးက ထိခိုက်သေဆုံးသွားသူများကို သယ်ဆောင် ရွှေ့ပြောင်းပေးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ ဂျာဝက်က ပြောကြားသည်။ ၎င်းသည် စောစောပိုင်း၌ အမေရိကန် သံချပ်ကာယာဉ် နှစ်ဒါဇင်ခန့်ပါဝင်သော ယာဉ်တန်းသည် ကူဖာကိုတိုက်ရန် အဘတ်စီးယားသို့ ဦးတည်ထွက်ခွာသွားကြောင်း သတင်းပို့ခဲ့သည်။

ထို့ပြင် နာဂျက်ဖ်မြို့ဝန်ကျင်း၌ စပိန်တပ်များနှင့် အီရတ်ပြောက်ကျားများ ညတိုက်ပွဲများကို သောကြာနေ့က ဖြစ်ပွားခဲ့ကြောင်း နာဂျက်ဖ်ရှိ မျက်မြင်တစ်ဦးက ပြောကြားသည်။ ဆာဒါ၏တပ်များက ယခုလအတွင်း သိမ်းပိုက်ကျူးကျော်သူများကို ခုခံတိုက်ခံတိုက်ခိုက်မှုများ ဆင်နွှဲခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်အနောက်ပိုင်း ဟူဆေဘတ်၌တိုက်ပွဲကြီးဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ၁၁ဦးနှင့် အီရတ်အချို့သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၉

အီရတ်နိုင်ငံတွင် နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင် ၁၁ဦး သေဆုံးခဲ့ရာ တနင်္ဂနွေနေ့၌ အီရတ်တွင်သေဆုံးသော စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၇၀၀အထိ ရှိသွားပြီဖြစ်သည်။ ယင်းအနက် ၅၀၄ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်သည်။

အီရတ်နိုင်ငံ အနောက်ပိုင်း ဆီးရီးယားနယ်စပ်အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အီရတ်ပြောက်ကျားတို့ စနေနေ့က တိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံးသွားကြောင်း တနင်္ဂနွေနေ့၌ အီရတ်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာက အတည်ပြု ပြောကြားသည်ကို သတင်းစာတစ်စောင်၌ ရေးသားဖော်ပြသည်။ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များသည် စနေနေ့ တစ်နေ့တည်း၌ပင် ၁၁ဦးသေဆုံးခဲ့ရာ အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတို့က ၂၀၀၃ ခုနှစ် မတ်လတွင်ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အသေအပျောက်အများဆုံးနေ့ ဖြစ်ခဲ့သည်။

တနင်္ဂနွေနေ့က သတင်းထုတ်ပြန်ချက်၌ အမေရိကန် စစ်ဘက် ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ပြောဆိုရာတွင် မရိန်းတပ်ဖွဲ့ဝင် ငါးဦးမှာ အမှတ်(၁)မရိန်းအထူးတပ်ဖွဲ့နှင့်အတူတာဝန်ထမ်းဆောင်နေစဉ်အတွင်း စနေနေ့က ဟူဆေဘတ်၌ဖြစ်ပွားသည့်တိုက်ပွဲတွင် သေဆုံးခဲ့သည်ဟုပြောဆိုသည်။

ဟူဆေဘတ်သည် အီရတ်–ဆီးရီးယားနယ်စပ်မှ ကီလိုမီတာ အနည်းငယ်သာ ကွာဝေးသည့် အီရတ် အနောက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်သည်။ တနင်္ဂနွေနေ့ထုတ် စိန့်လူးဝစ်ဖို့စ်ဒစ်ပက်ချ်သတင်းဌာနကဖော်ပြရာတွင် အဆိုပါဟူဆေဘတ်နယ်စပ်မြို့အနီး အီရတ်တပ်ဖွဲ့ဝင် ၃၀၀နီးပါးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ၁၄ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်း၏ ဝက်ဆိုက်မှတစ်ဆင့် ထုတ်လွှင့်သည်။ ယင်းတိုက်ပွဲတွင် အီရတ်တို့ဘက်မှ ပြောက်ကျား ၂၅ဦးမှ ၃၀ အထိ သေဆုံးပြီး ၂၀ ဖမ်းဆီးထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘလဲအိမ်ဝင်းအပြင်၌ စစ်ဆန့်ကျင်ရေးဆန္ဒပြ အီရတ်ကိုသိမ်းပိုက်မှု အဆုံးသတ်ရေးကြွေးကြော်

လန်ဒန် ဧပြီ ၁၈

စစ်ဆန့်ကျင်ဆန္ဒပြသူ ၂၀၀ခန့်သည် လန်ဒန်မြို့ရှိ ဝန်ကြီးချုပ်တိုနီဘလဲ၏ နေအိမ်ဝင်းအပြင်ဘက်၌ စနေနေ့က စုရုံးကာ အီရတ်နိုင်ငံအား သိမ်းပိုက်မှုအဆုံးသတ်ရေးကို ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြ

ထိုသို့ ဆန္ဒပြရာ၌ အီရတ်နိုင်ငံသည် အီရတ်လူမျိုးများအတွက်ဆိုသော နဖူးစည်းစာတန်းကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည်။

တောင်းဆို

စစ်ပွဲရပ်ရေး ညွန့်ပေါင်းအဖွဲ့ဝင်တစ်ဦးဖြစ်သော ဆန္ဒပြသူ အင်ဒရူးဘာဂျင်က အီရတ်မှ နိုင်ငံခြားတပ်များ ချက်ချင်းရုပ်သိမ်းပေးရန် မိမိတို့တောင်းဆိုကြောင်း ပြောကြားသည်။

အီရတ်စစ်ပွဲဆင်နွှဲခဲ့မှုကြောင့် ဝန်ကြီးချုပ်တိုနီဘလဲမှာ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် ပြည်သူများ၏ ဖိအားပေးခြင်းကို ခံနေရသည်။

အမ်အင်အေ၊ ရိုက်တာ

အသင့်နေရာယူ

ဧပြီ ၁၈ရက်က အီရတ်နိုင်ငံ ကူဖာမြို့အနီးတွင် အီရတ်ပြောက်ကျားများ၏ ပစ်ခတ်တိုက်ခိုက်မှုကို ပြန်လည်ပစ်ခတ်ရန် အမေရိကန်တပ်ဖွဲ့ဝင်များ အသင့် နေရာယူနေစဉ်။

ကန်နှင့်အပေါင်းပါများ အီရတ်၌စစ်ရေးဆောင်ရွက်မှု ချက်ချင်းအဆုံးသတ်ရန် အင်ဒိုနီးရှားတိုက်တွန်း

ဂျကာတာ ဧပြီ ၁၈

အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်များ၏ စစ်ရေးဆောင်ရွက်မှု ချက်ချင်းအဆုံးသတ်ရန် အင်ဒိုနီးရှားနိုင်ငံက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့် နှစ်ပတ်အတွင်း အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် အီရတ် ၇၀၀ ကျော်နှင့်အမေရိကန်တပ်ဖွဲ့ဝင် ၈၃ ဦး သေဆုံးခဲ့သည်။

အမေရိကန်နှင့် အပေါင်းပါတပ်များအနေဖြင့် အီရတ်တွင် တပ်ဖွဲ့အင်အား အသုံးပြုခြင်းထက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ကြောင်း မိမိတို့ယုံကြည်ထားသည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ မာတီနာတာလီဂါဝါက ပြောကြောင်း ဂျကာတာပို့စ်က ကိုးကားဖော်ပြသည်။

၎င်းသည် အင်္ဂါနေ့၌ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ထုတ်ပြန်ခဲ့သောကြေညာချက်ကို တုံ့ပြန်ပြောဆိုခဲ့ခြင်း ဖြစ်သည်။ သမ္မတဘုရှ်၌ အီရတ်တွင် တိုက်ခိုက်မှု ရပ်တန့်ရန် နောက်ထပ်တပ်များ လိုအပ်ဖွယ်ရှိကြောင်း ကြေညာချက်ထုတ်ပြန်ရာ၌ ပြောကြားခဲ့သည်။

အီရတ်တွင် တိုက်ခိုက်မှုများ တိုးလာခြင်းအတွက် မိမိတို့ စိုးရိမ်ပူပန်မိဖြစ်ကြောင်း၊ သို့ရာတွင် အီရတ်သို့ ကုလသမဂ္ဂအထူးသံ သွားရောက်ခြင်းကို ကြိုဆိုကြောင်း မာတီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အနိုင်ရရှိ

ဧပြီ ၁၇ ရက်က ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်နှင့် ပို့စ်မောက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် ပို့စ်မောက်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ဆိုင်ရာ အမေရိကန်မူဝါဒကို ဂျပန်ပြည်သူများကန့်ကွက်

တိုကျို ဧပြီ ၁၈

ဂျပန်လူမျိုးအများစုသည် ဓားစာခံအကျပ်အတည်းအပေါ် အစိုးရ၏ နောက်ဆုံးကိုင်တွယ်ဖြေရှင်းချက်ကို ထောက်ခံကြသော်လည်း အီရတ်နှင့်ပတ်သက်သည့် အမေရိကန်မူဝါဒကို ကန့်ကွက်ကြောင်း အဆာဟီရှင်ဘွန်းသတင်းစာက စနေနေ့၌ ရေးသားလိုက်သည်။

သောကြာနေ့၌ပြုလုပ်ခဲ့သော စူးစမ်းလေ့လာချက်တွင် ဂျပန်ဓားစာခံသုံးဦး လွတ်မြောက်ရေးအတွက် အစိုးရ၏ ကယ်ဆယ်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ၆၄ ရာခိုင်နှုန်းက ကျေနပ်ထောက်ခံခဲ့ကြပြီး ၇၃ ရာခိုင်နှုန်းက အီရတ်မှ ကိုယ်ပိုင်ကာကွယ်ရေးတပ် အက်စ်ဒီအယ်ဖ် မရုပ်သိမ်းရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့ကြသည်။ ထိုသဘောထားကို ပြစ်တင်ရှုတ်ချသည့် ရာခိုင်နှုန်းမှာ ၁၆ ရာခိုင်နှုန်းမျှရှိသည်ကို တွေ့ရှိရသည်။

ပြန်ပေးဆွဲသူများက ဓားစာခံများလွတ်ရေးအတွက် အီရတ်ရှိ ဂျပန်တပ်ဖွဲ့ဝင် ၅၀၀ ရုပ်သိမ်းပေးရမည်ဟု တောင်းဆိုခဲ့သည်။ သို့ရာတွင် ကြာသပတေးနေ့၌ ပြန်ပေးဆွဲထားသော ဂျပန်သုံးဦးကို လွှဲပြောင်းအပ်ခဲ့သည်။

အီရတ်ဆိုင်ရာ အမေရိကန်မူဝါဒကို ကန့်ကွက်ကြသူများမှာ ၇၁ ရာခိုင်နှုန်းမျှရှိကြောင်း သတင်းစာက ရေးသားသည်။ တပ်ဖွဲ့ဝင်များကို အီရတ်၌ ထားမြဲထားလိုသော အရေအတွက်မှာ ၅၀ ရာခိုင်နှုန်းရှိပြီး ပြန်ခေါ်လိုသူမှာ ၃၂ ရာခိုင်နှုန်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းနှစ်သစ်ကူးပွဲတော် ယာဉ်တိုက်မှုများဖြစ်ပွား ပွဲတော်ကာလငါးရက်တွင်လူပေါင်း၅၆၉ဦးသေဆုံး

ဗန်ကောက် ဧပြီ ၁၇

ထိုင်းနှစ်သစ်ကူးပွဲတော်၌ ယာဉ်မတော်တဆတိုက်မှုများ လျော့ကျရေးအတွက် ထိုင်းနိုင်ငံတစ်ဝန်းရှိ မော်တော်ယာဉ်စစ်ဆေးရေးဂိတ်များတွင် လူပေါင်း ၁၀၀၀၀၀ဖြင့် အရက်မူးပြီး ယာဉ်မောင်းခြင်းနှင့် အရှိန်ပြင်းစွာမောင်းနှင်သူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ချာတာရွန်ချိုင်ဆိုင်၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်က ကိုးကားဖော်ပြခဲ့သည်။ ယခင်နှစ် ထိုင်းနှစ်သစ်ကူးဆွန်ကရန်ပွဲတော် ငါးရက်တာ ကာလကျင်းပစဉ်အတွင်း လူပေါင်း ၅၆၉ဦးသေဆုံးပြီး ၄၀၀၀၀ ဒဏ်ရာရရှိခဲ့ သည်။ လွန်ခဲ့သည့်နှစ်က ရှစ်ရက်ကြာ ထိုင်းနှစ်သစ်ကူးပွဲတော်ကျင်းပစဉ် ကာလအတွင်း ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးသူ ၈၅၇ဦးရှိပြီး ဒဏ်ရာရသူ ၄၂၁၇၉ဦးရှိကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တိုင်းတစ်ပါးကျူးကျော်မှုအောက်မှ အချုပ်အခြာအာဏာကင်းမဲ့နေသော အီရတ်နိုင်ငံ

ဖြစ်ရပ်စုံလင် အမှန်မြင် ဆင်ခြင်သုံးသပ် သတိချပ်

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်က ဘဂ္ဂဒက်တောင်ဘက် ဟီလာမြို့၌ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ ပစ်ခတ်၍ ဒဏ်ရာရရှိသွားသော အီရတ်ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်က ဆာမာဝါမြို့ဆေးရုံ၌ အမေရိကန် စစ်ယာဉ်တန်းပေါ်မှ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်ကလေးတစ်ဦး ဆေးကုသမှုခံယူနေရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က ဆာမာဝါမြို့ ဆေးရုံ၌ အမေရိကန်တို့ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသော အီရတ်ကလေးငယ်တစ်ဦးကို ဆေးကုသရန် ခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရ

ပြီ ၁၁ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့် စိန်ပြောင်းကျည် အိမ်အနီး၌ ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရကလေးငယ်တစ်ဦးအား ဖခင်ဖြစ်သူက ဆေးကုသရန် ပွေ့ချီလာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးကုသမှုခံယူ

၂၀၀၄ခုနှစ် မတ် ၁ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်ကလေးငယ်တစ်ဦး ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံ၌ ဆေးကုသမှု ခံယူနေရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

မြန်ပြည်တစ်ခွင် အေးချမ်းပျော်ရွှင်နေသော ရင်သွေးငယ်များ အနာဂတ်ကာလ နိုင်ငံတော်အတွက် အားထားရမည့် လူ့စွမ်းအား

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သမီးငယ်လေးများက ဤသို့ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

နိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများ၌ မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်လှစ်၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ဤသို့ ဆောင်ရွက်ပေးလျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

ပါဝင်ယှဉ်ပြိုင်

ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် သမီးငယ်လေးများက အဆိုနှင့်အက တွဲဖက်၍ ဤသို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေး ဌာနများတွင် ကလေးငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည်ကိုဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

မူလတန်းကြိုကျောင်းများတွင်လည်း ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနား၌ မူကြိုကလေးငယ်များက တေးသီချင်းများဖြင့် ဤသို့ သီဆိုကပြ ယှဉ်ပြိုင်ခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

ဉာဏ်ရည် ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေး

ကျေးလက်ဒေသရှိ ကျောင်းသားကျောင်းသူ ကလေးငယ်များ အသိဉာဏ်၊ ဗဟုသုတ တိုးပွားစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်၍ ဉာဏ်ရည်ဖွံ့ဖြိုးအောင် ဤသို့ ဆောင်ရွက်ပေးလျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

လုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံကြီး အောင်အော
ကိုယ်စားလှယ်တော်ကြီးများ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် အစည်းအဝေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် **စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသား** ညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် **စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသား** ညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

▼ ***ရှေ့ဖုံးမှ***

ပထမအကြိမ် အစည်းအဝေးကို ၁၆-၂-၂၀၀၄ရက်နေ့က ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ကျင်းပပြုလုပ်ခဲ့ကြပြီး အမျိုးသားညီလာခံကျင်းပရေးနှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် တာဝန်များကို ခွဲဝေသတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

တစ်လခန့်သာလို

ပထမအကြိမ် အစည်းအဝေးက ချမှတ်ပေးခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကြိုတင်ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ယခုအခါ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဉာဉ်ဆောင်နှစ်ပင်ကွင်းစခန်း၌ ကျင်းပပြုလုပ်မှာဖြစ်ကြောင်း ကြေညာပြီးဖြစ်သည့်အတွက် အချိန်အားဖြင့် တစ်လခန့်သာ လိုတော့မှာဖြစ်ကြောင်း။

ကျန်ရှိသည့် တစ်လခန့်အတွင်း အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး မိမိတို့ဆောင်ရွက်ပြီးသည့်လုပ်ငန်းများ၊ ဆောင်ရွက်နေဆဲလုပ်ငန်းများနှင့် ညီလာခံကျင်းပနေဆဲ ကာလအတွင်း မိမိတို့ဆက်လက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများကို ကော်မရှင်နှင့်တကွ၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ ရှင်းလင်းဆွေးနွေးသွားကြရန် ဖြစ်ကြောင်း။

ပြည့်ပြည့်စုံစုံဆောင်ရွက်ထားပြီး

မိမိတို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို ခံယူပြီး-

- **ဉာဉ်ဆောင်နှစ်ပင်ကွင်းစခန်းတွင် ညီလာခံကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံ၊ ညီလာခံခန်းမ၊ အစုအဖွဲ့အလိုက် ဆွေးနွေးမည့် အစည်းအဝေးခန်းများ၊ အိပ်ဆောင်၊ ထမင်းစားဆောင်၊ ဆေးရုံ၊ အားကစားရုံ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေ အနားယူစခန်းများပါ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။**
- **၎င်းအပြင် အမျိုးသားညီလာခံသို့ တက်ရောက်ရမည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို စိစစ်ရွေးချယ်ခဲ့ပြီး ၎င်းကိုယ်စားလှယ်များကို အမျိုးသားညီလာခံသို့ တက်ရောက်နိုင်ရေးအတွက် ယခုလ ၇ ရက်နေ့မှ စတင်၍ ဖိတ်ကြားခဲ့ပြီးလည်း ဖြစ်ကြောင်း၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍လည်း နိုင်ငံတော်အစိုးရက ထိုက်သင့်သည့် ငွေကြေးသုံးစွဲခွင့်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။**

အစုအဖွဲ့ရှစ်ဖွဲ့

ယခုကျင်းပပြုလုပ်မည့်အမျိုးသားညီလာခံသည် ၁၉၉၆ခုနှစ်ကစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များအနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူ လယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ စသည့် အစုအဖွဲ့ရှစ်ဖွဲ့ဖြစ်ကြောင်း၊ ယင်းအစုအဖွဲ့တို့တွင် တိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အများစုပါဝင်ကြကြောင်း။

စေတနာထားဆောင်ရွက်

အမျိုးသားညီလာခံကြီးကို ယခင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့်အညီ ကျင်းပပြုလုပ်သွားမှာ ဖြစ်သည့်အတွက် မိမိတို့လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရေးအတွက် မိမိတို့ဘက်မှ ချို့ယွင်းချက်၊ ဟာကွက်မရှိရအောင် ကိုယ်စားလှယ်တော်ကြီးများ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် အစည်းအဝေး ကျင်းပနိုင်ရေးတို့ အပါအဝင် အဘက်ဘက်မှ ပြည့်ပြည့်စုံစုံ လိုလေသေးမရှိရအောင် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအား ဖိတ်ကြားထားမှု အခြေအနေများ၊ ညီလာခံကိုယ်စားလှယ်များအတွက် နေရေး၊ စားရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန် လိုအပ်မှုများ၊

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးမိမိတို့ဘက်မှ ချို့ယွင်းချက်၊ ဟာကွက်မရှိရအောင်
ရေးနှင့် အစည်းအဝေးကျင်းပနိုင်ရေးတို့အပါအဝင် အဘက်ဘက်မှပြည့်ပြည့်စုံစုံလိုလေသေးမရှိဆောင်ရွက်ပေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမကြီးတွင် ကျင်းပစဉ်။ (သတင်းစဉ်)

မှတ်တမ်းဓာတ်ပုံရိုက်ကူးရေး၊ မှတ်တမ်းစာအုပ်ထုတ်ဝေရေး စီစဉ်ထားမှုများစသည့် အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှုကော်မတီ၏ စီမံခန့်ခွဲထားရှိမှု အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးကိုယ်စားလှယ် အိပ်ဆောင်သို့ သွားရောက်ပြီး ဧည့်ခန်းဆောင်၊ အိပ်ဆောင်၊ အပန်းဖြေဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သက်သာအရောင်းဆိုင်များအဖြစ် ဂျီအီးစီ အရောင်းဆိုင်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်တို့ ဖွင့်လှစ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် သက်သာအရောင်းဆိုင်များနှင့် တွဲဖက်ဖွင့်လှစ်ထားသည့် Beauty Salon အမှတ်တရဓာတ်ပုံရိုက်ခန်း၊ မျက်မှန်ဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ အများသုံးတယ်လီဖုန်း၊ အများသုံး Fax လုပ်ငန်း၊ အများသုံး E-mail လုပ်ငန်းနှင့် အမြန်ချောပို့လုပ်ငန်း ဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မိုးလုံလေလုံအားကစားခန်းမသို့သွားရောက်ပြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ အမျိုးသမီး စားပွဲတင် တင်းနစ်အားကစားခန်းမ၊ အမျိုးသား ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ အမျိုးသားစားပွဲတင်တင်းနစ် အားကစားခန်းမများ တည်ဆောက်ထားမှု၊ ခေတ်မီအားကစားပစ္စည်းများထားရှိမှုနှင့် ကြက်တောင်ရိုက်ကွင်း ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးရုံသို့ သွားရောက်ပြီး အထူးကုဆရာဝန်ကြီးများအခန်း၊ တိုင်းရင်းဆေးခန်း၊ သွားဆေးခန်း၊ ဆေးပေးခန်း၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်ကွင်းစခန်းမှ နံနက်၁၁နာရီ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြင်ဆင်ဆောင်ရွက်

အမျိုးသားညီလာခံကိုရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ကွင်းစခန်း၌ ၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှစ၍ ကျင်းပသွားမည်ဖြစ်ရာ လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီ အသီးသီးက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ညောင်နှစ်ပင်ကွင်းစခန်း အဝင်မုခ်ဦး၌ **"အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြိုဆိုပါ၏"** ဟူသော ကြိုဆိုရေးစာတန်းကို ရွှေရောင်စာလုံးကြီးများဖြင့် ရေးသား၍ ကြိုဆိုထားသည်။

အဝင်မုခ်ဦးနှင့် ပြည်ထောင်စုခန်းမကြီးသို့သွားသည့် လမ်းတစ်လျှောက်၌လည်းကောင်း၊ လမ်းဆုံအဝိုင်းပတ်လမ်းတို့နှင့် အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်ကွင်းစခန်းတစ်ခုလုံးအတွင်း၌ လည်းကောင်း ရောင်စုံအလံများ လွှင့်ထူထားပြီးဖြစ်သည့်အပြင် ညပိုင်းတွင်လည်း ရောင်စုံလျှပ်စစ်မီးများဖြင့် ထွန်းညှိထားရှိသည်။

မွမ်းမံပြင်ဆင်ထား

ထို့အတူ အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမကြီးတွင် ညီလာခံကိုယ်စားလှယ်များအားလုံး တစ်ပြိုင်တည်းဆွေးနွေးညှိနှိုင်းနိုင်ရန် ခေတ်မီကုလားထိုင်များ၊ အသံနှင့်အလင်းဆိုင်ရာ ခေတ်မီလျှပ်စစ်ပစ္စည်းများဖြင့် တပ်ဆင်၍ မွမ်းမံပြင်ဆင်ထားပြီးဖြစ်သည်။

လုပ်ငန်းများစတင်

ပြည်ထောင်စုခန်းမကြီး၏ မြေအောက်ခန်းတွင် ကျန်းမာရေး ဆပ်ကော်မတီရုံးခန်းဖွင့်လှစ်ထားရှိသကဲ့သို့ ညီလာခံ စင်မြင့်ကြီး၏ နောက်ဘက် ပထမထပ်တွင် ဘဏ္ဍာရေးဆပ်ကော်မတီကိုလည်းကောင်း၊ ဒုတိယထပ်တွင် ပြန်ကြားရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီကိုလည်းကောင်း၊ တတိယထပ်တွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံးတို့ကို လည်းကောင်း ဖွင့်လှစ်ထားရှိပြီး အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်လာကြမည့် ညီလာခံကိုယ်စားလှယ်များအတွက် အိပ်ဆောင်များကိုလည်း တည်ဆောက်ပြင်ဆင်ပြီးဖြစ်သည်။

အိပ်ဆောင် ၃၉ဆောင်

ယင်းသို့ တည်ဆောက်ရာတွင် အမျိုးသား၊ အမျိုးသမီး အိပ်ဆောင် စုစုပေါင်း ၃၉ ဆောင်ကိုတည်ဆောက်ထားသည်။

အိပ်ဆောင်တစ်ဆောင်လျှင် အိပ်ခန်းရှစ်ခန်း ပါရှိသည်။ တစ်ခန်းတွင် ညီလာခံကိုယ်စားလှယ် လေးဦးစီ နေနိုင်ရန် အိပ်ရာ၊ ခုတင် စသည့်

စာမျက်နှာ ၁၀ ကော်လံ ၁

အမျိုးသားညီလာခံသို့တက်ရောက်ကြမည့် ကိုယ်စားလှယ်ကြီးများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ

အစုအဖွဲ့ရှစ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ ဆွေးနွေးခန်းများ	ဆွေးနွေးပွဲခန်းမ(၁)တွင် နိုင်ငံရေးကိုယ်စားလှယ်များအစုအဖွဲ့၊ ခန်းမ(၂)တွင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ ခန်းမ(၃)တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ ခန်းမ(၄)တွင် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ ခန်းမ(၅)တွင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ ခန်းမ(၆)တွင် အသိပညာရှင်၊ အတတ်ပညာရှင်များအစုအဖွဲ့၊ ခန်းမ(၇)တွင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၊ ခန်းမ(၈)တွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့။
အိပ်ဆောင်	အမျိုးသား၊ အမျိုးသမီး စုစုပေါင်းအိပ်ဆောင် ၃၉ ဆောင်။ တစ်ဆောင်လျှင်ရှစ်ခန်းပါ၊ တစ်ခန်းလျှင် လေးဦးစီနေနိုင် (အိပ်ရာ၊ ခုတင်စသည့်ပစ္စည်းများ) အိပ်ခန်းတိုင်တွင် ရေချိုးခန်းနှင့် သန့်စင်ခန်းပါ။ ၎င်းပြင် အများသုံးရေချိုးခန်းနှင့် သန့်စင်ခန်းများတည်ဆောက်ထား။
ဖျော်ဖြေရေး	ရုပ်မြင်သံကြားဖမ်းစက်၊ တီဗွီ၊ ဗွီစီဒီစက်များထားရှိပြီး နှစ်သက်ရာကြည့်ရှုအပန်းဖြေနိုင်။
သက်သာအရောင်းဆိုင်နှင့်အခြားဆိုင်များ	မြန်မာ့ကြွေထည်မြေထည်၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စာနယ်ဇင်းမျိုးစုံ၊ ဝင်းသူဇာအရောင်းဆိုင်၊ အထည်အလိပ်နှင့် အသင့်ချုပ်ပြီးအထည်များ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ ကုန်ပစ္စည်းမျိုးစုံ၊ ဓာတ်ပုံရိုက်ခန်း၊ Beauty Salon ၊ မျက်မှန်အရောင်းဆိုင်နှင့် မျက်စိစမ်းသပ်ခန်း၊ စာရေးကိရိယာ၊ စာအုပ်စာစောင်၊ အထွေထွေသုံးပစ္စည်းများ။
ဆက်သွယ်ရေး	အများသုံးတယ်လီဖုန်း၊ အများသုံး Fax လုပ်ငန်း၊ E-Mail လုပ်ငန်း၊ အမြန်ချောပို့လုပ်ငန်း။
အားကစား	အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမ၊ အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ် အားကစားခန်းမ၊ ကြက်တောင်ရိုက်ကွင်း၊ အားကစားလေ့ကျင့်ရန် အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ပေရှိ မိုးလုံလေလုံ အားကစားခန်းမတစ်ခု၊ ခေတ်မီအားကစားပစ္စည်းများ။
ကျန်းမာရေး	အထူးကုဆရာဝန်ကြီးများအခန်း၊ တိုင်းရင်းဆေးခန်း၊ သွားဆေးခန်း၊ ဆေးပေးခန်း၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ အထွေထွေ ဆေးကုသမားတော်၊ ခွဲစိတ်အထူးကုသမားတော်၊ အရိုးအထူးကုသမားတော်၊ မျက်စိအထူးကုသမားတော်၊ နား/နှာခေါင်း/လည်ချောင်းအထူးကုသမားတော်၊ သားဖွားမီးယပ်အထူးကုသမားတော်၊ ခေတ်မီ ဆေးရုံသုံးပစ္စည်းများနှင့်ဆေးဝါးများထားရှိ။

အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ပစ္စည်းများ အစုံအလင်ထားရှိပြီး ဖြစ်သည်။ အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့် သန့်စင်ခန်းများ ပါရှိသည်။ ထို့ပြင် အများသုံးနိုင်သည့် ရေချိုးခန်းနှင့် သန့်စင်ခန်းများကိုလည်း ဖွဲ့စည်းတည်ဆောက်ထားသည်။

ဖမ်းယူကြည့်ရှုနိုင်

အိပ်ဆောင်များတွင် ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ပေးထားသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်မြင်သံကြားဌာနခွဲက ထုတ်လွှင့်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အိပ်ဆောင်များတွင် ဧည့်ခန်းများသီးခြားရှိသည်။ အပန်းဖြေဆောင်များ၌လည်း တီဗွီနှင့်ဗွီစီဒီစက်များ ထားရှိပေးထားရာ နှစ်သက်ရာ ကြည့်ရှုအပန်းဖြေနားနေနိုင်ကြမည်ဖြစ်သည်။

ဆွေးနွေးမည်

အမျိုးသားညီလာခံတွင် အစုအဖွဲ့ ရှစ်ဖွဲ့တို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး အတွင်းရှိ ဆွေးနွေးပွဲခန်းမ(၁)တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ဆွေးနွေးပွဲခန်းမ(၂)တွင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ ဆွေးနွေးပွဲခန်းမ(၄)တွင် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ ဆွေးနွေးပွဲခန်းမ(၅)တွင် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ ဆွေးနွေးပွဲခန်းမ(၆)တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ အစုအဖွဲ့၊ ဆွေးနွေးပွဲခန်းမ(၇)တွင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် ဆွေးနွေးပွဲ ခန်းမ(၈)တွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့က ဆွေးနွေးကြမည်ဖြစ်ပြီး ပြည်ထောင်စု ခန်းမ၏ လက်ယာဘက်ရှိ ဆွေးနွေးပွဲခန်းမ(၃)တွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲခန်းမအသီးသီး၌လည်း ခေတ်မီ အသံထိန်း၊ အသံဖမ်းစက်ကိရိယာများကို တပ်ဆင်ထားပြီးဖြစ်သည်။

အရောင်းဆိုင်များဖွင့်လှစ်ထား

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညောင်နှစ်ပင်ကွင်းစခန်းအတွင်း၌ပင် လူသုံး၊ အထွေထွေသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ စာအုပ်နှင့် စာရေးကိရိယာများ လွယ်ကူစွာ ဝယ်ယူနိုင်ရေးအတွက် သက်သာချောင်ချိရေး အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိသည်။

အဆိုပါ သက်သာချောင်ချိရေး ဆိုင်များတွင် ရန်ကုန်တိုင်းအစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစု (ဂျီအီးစီ) အရောင်းဆိုင်၌ စာအုပ်စာစောင်များ၊ စားသောက်ကုန်ပစ္စည်း ၅၂ မျိုး၊ လူသုံးအိမ်သုံးနှင့် အထွေထွေသုံးပစ္စည်း ၁၄၆ မျိုး၊ အထည်အလိပ်နှင့် အသင့်ချုပ်ပြီး အဝတ်အထည် ၁၁၆ မျိုး၊ စာအုပ် စာနယ်ဇင်းမျိုးစုံ ၁၅၀ နှင့် စာရေးကိရိယာ ၅၁ မျိုး စုစုပေါင်း ပစ္စည်း ၅၁၅ မျိုးကိုလည်းကောင်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်တွင် မြန်မာ့ အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းနှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ ကုန်ပစ္စည်းမျိုးစုံ ၂၁၀ တို့ကိုလည်းကောင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

20-4 (10).p65 1 3/24/05, 11:15 PM

စာမျက်နှာ ၁၀ မှ

အဆိုပါ အရောင်းဆိုင်များနှင့် အတူ မှတ်တမ်းဓာတ်ပုံ ရိုက်ခန်း၊ Beauty Salon၊ မြန်မာမျက်မှန် အရောင်းဆိုင်နှင့် မျက်စိစမ်းသပ်ခန်း တို့ကိုလည်း ဖွင့်လှစ်ထားသည်။

ပြည်တွင်းပြည်ပဆက်သွယ်နိုင်

ထို့ပြင် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်းကလည်း ညီလာခံကိုယ်စားလှယ်များ အလွယ် တကူဆက်သွယ်နိုင်ရန် အမျိုးသား ဆောင်၊ အမျိုးသမီးဆောင်များနှင့် ဆက်သွယ်ရေး စခန်းများကိုလည်း ကောင်း၊ အမြန်ချောပို့လုပ်ငန်း၊ အမြန် ငွေပို့လွှာလုပ်ငန်း၊ တံဆိပ်ခေါင်းရောင်း ဌာန၊ ရိုးရိုးစာပေးပို့ခြင်း၊ ဖြန့်ဝေခြင်း လုပ်ငန်း၊ မှတ်ပုံတင်စာ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်း၊ ငွေပို့လွှာပေး ပို့ခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းတို့ကို တပ်ဆင်ကာ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

တစ်ပြိုင်တည်းသုံးဆောင်နိုင်

အမျိုးသားညီလာခံကိုယ်စားလှယ် များ နံနက်၊ နေ့လယ်နှင့် ညစာ သုံးဆောင်နိုင်ရန် စားရိပ်သာအဆောင် (၁)တွင် အမျိုးသမီး၊ အမျိုးသား ညီလာခံကိုယ်စားလှယ် ၂၅၀ဦး၊ စား ရိပ်သာအဆောင်(၂)တွင် အမျိုးသား ညီလာခံကိုယ်စားလှယ် ၄၁၀ဦးနှင့် စားရိပ်သာ(၃)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ၄၁၀ဦးတို့ တစ်ပြိုင် တည်းသုံးဆောင်နိုင်ရေးအတွက် ကျွေး မွေးဧည့်ခံရေး ဆပ်ကော်မတီမှတာဝန် ရှိသူများက စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သည်။

ဆေးရုံဖွင့်လှစ်ထား

အမျိုးသားညီလာခံကိုယ်စားလှယ် များ ညောင်နှစ်ပင်ကွင်း စခန်း၌ပင် ကျန်းမာရေးဆိုင်ရာ လိုအပ်မှုများကို ပြသကုသနိုင်ရန် ဆေးရုံတစ်ရုံကို လည်း ဖွင့်လှစ်ထားရှိသည်။

အဆိုပါဆေးရုံတွင် အထွေထွေ ရောဂါကုသမားတော်၊ ခွဲစိတ်အထူးကု သမားတော်၊အရိုးထိခိုက်ဒဏ်ရာအထူး ကုသမားတော်၊ မျက်စိအထူးကုသမား တော်၊ နား/နှာခေါင်း/လည်ချောင်း အထူးကုသမားတော်၊သားဖွား/မီးယပ် အထူးကုသမားတော်တို့က အမျိုးသား ညီလာခံ ကိုယ်စားလှယ်များအား ကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ် သည်။

ဖွင့်လှစ်ထား

အဆိုပါ ဆေးရုံတွင် ခေတ်မီ ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများ ထားရှိပြီး တိုင်းရင်းဆေးခန်းကိုလည်း ဖွင့်လှစ်ထားရှိသည်။

အားကစားခန်းမရှိ

အမျိုးသားညီလာခံ ကိုယ်စား လှယ်များ အားကစားလေ့ကျင့်နိုင်ရန် အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ပေရှိ မိုးလုံလေလုံ အား ကစားခန်းမကိုလည်း ညောင်နှစ်ပင် ကွင်းစခန်း၌ တည်ဆောက်ထားပြီး ဖြစ်သည်။

လေ့ကျင့်ကစားနိုင်

မိုးလုံလေလုံအားကစားခန်းမတွင် ကြက်တောင်ရိုက်ကွင်း လေးကွင်းနှင့် အမျိုးသား၊ အမျိုးသမီး သီးခြားစီ လေ့ကျင့်ကစားနိုင်သည့် ခေတ်မီ အားကစားပစ္စည်းများပါရှိသော ကိုယ် ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမနှင့် စားပွဲတင် တင်းနစ်ခန်းမတို့ပါရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ လေ့ကျင့်ကစားနိုင်မည်ဖြစ်သည်။

အမျိုးသားညီလာခံ ကိုယ်စား လှယ်များ အမျိုးသား၊ အမျိုးသမီး သီးခြားစီ ညပိုင်းတွင် အပန်းဖြေ ကြည့်ရှုနိုင်ရန် ဇာတ်ခုံများကိုလည်း တည်ဆောက်ထားပြီး ဖြစ်ကြောင်း သိရသည်။

ကျွေးမွေးနိုင်ရေး

အမျိုးသားညီလာခံကိုယ်စားလှယ် များအား ကျွေးမွေးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲအမျိုးမျိုးနှင့် ကုန် ခြောက်ပစ္စည်း အမျိုးမျိုးတို့ကိုလည်း သန့်ရှင်းသပ်ရပ်စွာဖြင့် သီးခြားသို လှောင်ရုံများတွင် စနစ်တကျ ပြည့်စုံ စွာ သိုလှောင်ထားပြီးဖြစ်သည်။

ထို့ပြင် အမျိုးသားညီလာခံတွင် လာရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ အတွက်လည်း သီးသန့်စားသောက် ဆောင်၊ အိပ်ဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများကို လည်းကောင်း၊ သက်သာ ထမင်းဆိုင်များ၊ လက်ဖက် ရည်၊ အအေးဆိုင်များကိုလည်းကောင်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ ကန်ဦးဇေတဝန် စာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်အား တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဂုဏ်ပြုပူဇော်မည့် အဂ္ဂမဟာပဏ္ဍိတပူဇာသဘင် ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ရက် (ဧပြီ ၂၅ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။ လှူဒါန်းပူဇော်လိုသူများ သည် အကျိုးဆောင်အဖွဲ့ ကန်ဦးဇေတဝန်စာသင်တိုက် ရှစ်မိုင်ခွဲ ရွှေနှင်းဆီ လမ်း မရမ်းကုန်းမြို့နယ် ဖုန်း–၆၆၃၀၉၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး မူလပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအားရည်စူး၍ ဥပသမ္ပဒမင်္ဂလာ ဒုလ္လဘရဟန်း ၁၀၈ပါး၊ ပဗ္ဗဇ္ဇမင်္ဂလာ သာမဏေ ၁၀၈ပါးနှင့် ဒုလ္လဘ သီလရှင် ၁၀၈ပါး သာသနာ့အမွေခံယူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၉ ရက်က သုမင်္ဂလာရာမ လယ်တီကျောင်းတိုက်ကြီး၌ ကျင်းပရာ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာသဘာအရှင်သူမြတ်က အနုမောဒနာ တရားတော်များ ချီးမြှင့်တော်မူစဉ်။

(ဝ၅၂)

လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ဘာသာရေးအဖွဲ့တို့ပူးပေါင်း၍ ရဟန်းနှင့် ရှင်သာမဏေ အပါး ၁၂၀ ရဟန်းခံရှင်ပြု မင်္ဂလာအခမ်းအနားကို ဧပြီ ၁၁ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း မှန်ကျောင်းကျောင်းတိုက်၌ ကျင်းပရာ ဆရာတော် သံဃာတော်များအား မြို့ နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၄၀၀)

ပါရမီခုံးကျော်တံတား ခြောက်လအတွင်း အပြီးတည်ဆောက်မည်
ပါရမီဘက် ယာဉ်သွားလာမှု ဧပြီ ၂၁ရက်မှ စတင်ပိတ်ထားမည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ အစိတ်အပိုင်းဖြစ်သည့် မီးရထားခုံးကျော် တံတားများ တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ပါရမီခုံးကျော် တံတားတည်ဆောက်ရေးစီမံကိန်း ယာယီရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း)နှင့် ပါရမီခရီးသည်ပို့ဆောင်ရေးမှ ဗိုလ်မှူးကြီးမျိုးမြင့်တို့က ခရီးသည်တင် ယာဉ်လိုင်းများ လမ်းကြောင်းပြောင်းလဲပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝေဇယန္တာလမ်းကို ခရီးသည်တင် ဘတ်စ်ကားများ ယာယီအသုံးပြုနိုင်ရေး စီစဉ်ပေးရမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်အောင်က လျှပ်စစ်ဓာတ်အားလိုင်းများ အန္တရာယ်ကင်းစွာ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပါရမီခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်စဉ် ကာလအတွင်း ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းကြား ပါရမီလမ်းကို ခေတ္တပိတ်ထားမည်ဖြစ်၍ ၎င်းဧရိယာအတွင်းရှိ ရပ်ကွက်နေ ပြည်သူများ ယာဉ်ဝင်ထွက်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် အချိန်မီပြီးစီးရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကူညီဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ၌ မီးရထားခုံးကျော်တံတားများ တည်ဆောက်ရေး ကော်မတီအနေဖြင့် တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်အစပ် မြို့ပတ်ရထားလမ်းနှင့် ပါရမီကားလမ်းကူး (Level Crossing)နေရာကို မြို့ပတ်ရထားများ ဖြတ်သန်းစဉ်အချိန်အတွင်း လမ်းများ ပိတ်ထားရမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ အဆင့်မီအဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်မြင့်တင် တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိရာ ခြောက်လမ်းသွားလမ်းမကြီးများ အဖြစ်တိုးချဲ့ခြင်း၊ အဆောက်အအုံများ အမြင့်တင့်တယ်စေရန် ပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများအပါအဝင် ဘက်စုံဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ရှိ မီးရထားလမ်းနှင့် မော်တော်ကားလမ်း ဖြတ်သန်းရာ Level Crossing နေရာများတွင် ခုံးကျော်တံတားများလည်း တည်ဆောက်လျက်ရှိကြောင်း၊ ယခု တည်ဆောက်သည့် ပါရမီ မီးရထား ခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ပါရမီ ခုံးကျော်တံတားသည် အရှည် ၇၄၂ ဒသမ ၅ ပေရှိပြီး ယာဉ်သွားလမ်း အကျယ် ၄၈ ပေရှိကာ တစ်ဖက်စီတွင် လူသွားလမ်းများပါရှိသည်။ တံတား အမျိုးအစားမှာ ကြိုတင်အားဖြည့်သံကူ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကာ ရထားလမ်း ကင်းလွတ်အမြင့်မှာ ၁၄ ပေရှိသည်။ ပါရမီခုံးကျော် တံတားကြီးကို မြို့ပတ်ရထားများ သွားလာမှုကြောင့် ပါရမီလမ်း ယာဉ်ကြောပိတ်ဆို့ခြင်းမှ ကင်းလွတ်စေရန် တည်ဆောက်ခြင်းဖြစ်ပြီး တံတားတည်ဆောက်စဉ်ကာလအတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် တည်ဆောက်နိုင်ရန် ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းအကြား ပါရမီလမ်းယာဉ်သွားလာမှုကို ၂၀၀၄ ခုနှစ် ဧပြီ ၂၁ ရက်ညမှစတင်၍ ပိတ်ထားမည်ဖြစ်ပြီး ခရီးသည်တင် ဘတ်စကားလိုင်းများကို သတ်မှတ်ထားသည့် လမ်းကြောင်းများအတိုင်း ပြေးဆွဲနိုင်ရေး စီစဉ်ထားကြောင်း သိရှိရသည်။ တံတားကြီးပြီးစီးပါက တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့မှ ပြည်သူများရန်ကုန်မြို့တွင်းသို့ မြို့ပတ်ရထားလာချိန်စောင့်ရန်မလိုဘဲ လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်ပြီး တံတားကြီးကို မြန်မာ့မီးရထား အင်ဂျင်နီယာအဖွဲ့က ခြောက်လအတွင်းအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပါရမီရထားလမ်းခုံးကျော်တံတား ဆောင်ရွက်နေပြီ
ယာဉ်လမ်းကြောင်းများ ပြောင်းလဲပြေးဆွဲမည်

ရန်ကုန် ဧပြီ ၁၉

ပါရမီ ရထားလမ်းခုံးကျော်တံတားကို စတင်ဆောင်ရွက်နေပြီဖြစ်၍ ဧပြီ ၂၁ ရက်မှစတင်ကာ ဝေဇယန္တာလမ်းနှင့် ကမ္ဘာအေးစေတီလမ်းကြားရှိ ပါရမီလမ်းကို ယာယီပိတ်ထားမည်ဖြစ်သဖြင့် ခရီးသည်တင်မော်တော်ယာဉ်လိုင်းများဖြစ်သည့် (၄၉)အစိမ်း၊ (၂၀၁)ဒိုင်နာ၊ မီနီဘတ်စ်ယာဉ်လိုင်းများသည် သုမင်္ဂလာလမ်းအတိုင်း လာရာမှ နန္ဒဝန်ဈေးဘက်သို့ မသွားတော့ဘဲ ကံဘဲ့မီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်းလည်းကောင်း၊ (၄၉)အဝါ၊ (၂၁၉)ဒိုင်နာ၊ (၂၁၀) ယာဉ်လိုင်းများသည် သံသုမာလမ်းအတိုင်း လာရာမှ ဘေလီတံတားဘက်သို့ မသွားတော့ဘဲ သစ္စာလမ်းမကြီးနှင့် ဆုံရာမှစတင်၍ ကံဘဲ့မီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်းလည်းကောင်း၊ (၃၆)ယာဉ်ကြီး၊ (၃၆)ဒိုင်နာ ယာဉ်လိုင်းများသည် ဝေဇယန္တာလမ်းမ၊ ဂန္ဓမာလမ်းမှတစ်ဆင့် ကမ္ဘာအေးစေတီ လမ်းအတိုင်းလည်းကောင်း၊ (၄၃)ယာဉ်ကြီး (အစိမ်း)ယာဉ်လိုင်းသည် နန္ဒဝန်ဈေးဘက်သို့ မသွားတော့ဘဲ ရန်ကင်းလမ်းနှင့်ကံဘဲ့ လမ်းဆုံရာမှ ကံဘဲ့ မီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်းလည်းကောင်း၊ ပါရမီယာဉ်လိုင်းမှ ၁၇၃၊ ၁၇၄၊ ၁၇၆၊ ၁၇၉၊ ၁၈၀၊ ၁၈၂တို့သည် ပါရမီလမ်းမှ ဝေဇယန္တာလမ်းအတိုင်းသွား၍ ဂန္ဓမာလမ်းမှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းဘက်သို့လည်းကောင်း ယာဉ်လမ်းကြောင်းပြောင်းလဲ ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မဟာစည်သတိပဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် မေ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မြမာလာရပ်ကွက် သဃ်ာ့မိတ္တာ သီလရှင်တိုက်၌ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို မေ ၂၆ ရက်မှ မေ ၂ ရက်ထိ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာစည် သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ (မဟာကမ္မဋ္ဌာနာစရိယ)ကိုယ်တိုင် ဟောကြားပြသမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

မေ ၁၉ ရက်က အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမကြီးအား တွေ့ရစဉ်။

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

ရွာရန်ရာနှုန်း ၆၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စက်မှုဇုန်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ မော်တော်ယာဉ်များအဆင့်ရှိရှိထုတ်လုပ်နိုင်ရေး တစုတစည်းတည်း ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးသာယာ စက်မှုဇုန် တာဝန်ခံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် တောင်ကြီးမြို့ အေးသာယာမြို့သစ်စက်မှုဇုန်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိပြီး စက်မှုဇုန်အစည်းအဝေးခန်းမ၌ အေးသာယာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲတွင် တိုင်းမှူးက စက်မှုဇုန်အတွင်း မြေနေရာအသစ်များ ထပ်မံဖော်ထုတ်ထားပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းရှင်များကိုသာ မြေနေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ စက်မှုလုပ်ငန်းရှင်များအား လာရောက်လုပ်ကိုင်လိုပါက နေရာချထားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက စက်မှုဇုန်အတွင်း အခြေခံလိုအပ်သည့် သံရည်ကျိုစက်ရုံ၊ ပုံဖိပုံလောင်းစက်ရုံ၊ စက်ခုတ်စားစက်ရုံများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ကုန်တင် မော်တော်ယာဉ်ကြီးများနှင့် ဘတ်စ်ကားများ စမ်းသပ်ထုတ်လုပ်မှု အချိန်မီပြီးစီးရေး၊ ရေအားလျှပ်စစ်တာဘိုင်များ ထုတ်လုပ်တပ်ဆင်ရာတွင် ပိုမိုသွက်လက် မြန်ဆန်လာစေရေးတို့ကို ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်စန်းက စက်မှုဇုန်မြေ နေရာသစ် ထပ်မံတိုးချဲ့ ဖော်ထုတ်ပြီးစီးမှုအခြေအနေကို ရုပ်ပုံကားချပ် များဖြင့် ရှင်းလင်းတင်ပြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က စက်မှုဇုန်အတွင်းလုပ်ငန်း ကော်မတီများအလိုက် အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စက်မှုလုပ်ငန်းရှင်များက မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများ အလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေပြီဖြစ်သဖြင့် လယ်ယာသုံးစက်ကိရိယာများကို လာမည့်နှစ်တွင် ပိုမိုတိုးတက်ထုတ်လုပ်သွားကြရန်၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် သဘာဝမြေဩဇာထုတ်လုပ်မှုကိုလည်း စံချိန်စံညွှန်းမီမီ တိုးတက်ထုတ်လုပ်သွားကြရန်၊ ပြည်ပသွင်းကုန်အစားထိုး ကုန်တင်မော်တော် ယာဉ်ကြီးများနှင့် ဘတ်စ်ကားများ စမ်းသပ်ထုတ်လုပ်မှုကို အချိန်မီအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့်မော်တော်ယာဉ်များကို အဆင့်ရှိရှိ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုလုပ်ငန်းရှင်များအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တစုတစည်းတည်း ဆောင်ရွက်သွားကြရန်တို့ကို တိုက်တွန်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဆိုးများသန့်စင်ရေးစက်ရုံတည်ဆောက်ရေးလုပ်ငန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု သုံးသပ်ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရေဆိုးများ သန့်စင်ရေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအပေါ် ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ၃ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ကျန်းမာ ရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှုနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ရေဆိုး များသန့်စင်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်က ရေဆိုးများ သန့်စင်ရေးစက်ရုံတည်ဆောက်ရေးလုပ်ငန်းသည် စီမံကိန်းဝင်လုပ်ငန်းဖြစ်သည့် အလျောက် စနစ်တကျဖြင့်တိတိကျကျ တာဝန်ပေးကာ အောင်မြင်အောင် လုပ်ဆောင်ရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်မီပြီးစီးရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်လုပ်ဆောင်ရေး မှာကြားသည်။

ထို့နောက် ရေဆိုးများသန့်စင်စက်ရုံတည်ဆောက်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ထွန်းသန်းထွန်းကစက်ရုံဖြစ်မြောက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လိုအပ်ပစ္စည်းများ စုဆောင်းရရှိမှုနှင့် ယနေ့အထိ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေဆိုးများသန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရေဆိုးများသန့်စင်စက်ရုံတည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအလိုက်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် လိုအပ်သည်များကို ရှင်းလင်း တင်ပြကြရာ မြို့တော်ဝန်က တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး လိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၉

မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် အမှတ်(၁၈)အခြေခံပညာ မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ၁၉၅၉-၁၉၇၅ ထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအား အဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဂါရဝပြုပူဇော်နိုင်ရန် အလှူငွေများကို ဦးသိန်းဖေ (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၆၉၉၂၀၃၊ ဦးငွေစိုး ဖုန်း-၆၉၉၂၅၂နှင့် ဦးအုန်းမြင့် ဖုန်း- ၆၉၉၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေပြည်သာမြို့ တက္ကစီအငှားယာဉ်များအသင်းကိုယ်စား အသင်းအမှုဆောင် ဦးအောင်သက်ဦးက ငွေကျပ် ၁၄၈၀၀၀ကို နာရေးကူညီမှုအသင်းဖြစ်မြောက်ရေးကော်မတီ(ရွှေပြည်သာ)သို့ လှူဒါန်းရာ နာယက ဗိုလ်မှူးကြီး တင်အေး(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးမြတ်ဝေ (တွဲဖက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ထွေ/အုပ်)တို့က မေ ၁၇ ရက်က လက်ခံရယူပြီး ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

အလိုတော်ပြည့်ကျောင်းတိုက် ဆဋ္ဌမအကြိမ် နွေရာသီဓမ္မာစရိယသင်တန်းပို့ချမည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဝါကျဉယျာဉ်ကျမ်းပြုဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသသည် ဆဋ္ဌမအကြိမ် နွေရာသီ ဓမ္မာစရိယသင်တန်းကို တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက်) ဧပြီ ၂၄ရက် (စနေနေ့)မှစ၍ တစ်လတိတိ ဖွင့်လှစ်ပို့ချသင်ကြားမည်ဖြစ်သည်။

သင်တန်းကို နေ့စဉ်နံနက် ၁၀နာရီ မှ မွန်းလွဲ၂နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၃နာရီခွဲအထိ တစ်ကြိမ် တစ်နေ့လျှင်နှစ်ကြိမ် ပို့ချသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်များအားလုံး အဆိုပါကျောင်းတိုက်၌ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး သင်တန်းဖွင့်လှစ်မည့် ဧပြီ၂၄ရက် နံနက်၈နာရီအရောက် ကြွရောက်ကြရမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ပြင်ဦးလွင် သကြံန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့ကကြီးမှူး၍ ၂၀၀၄ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်နှင့် (၄၆)ကြိမ်မြောက် ပြင်ဦးလွင် သင်္ကြန်ရွှေဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ၁၅ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တပ်မတော်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်က ရွှေအဆင့် အသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၄၄၅ ချက်ဖြင့် ပထမရရှိသော Y.C.D.C အသင်း**(အပေါ်ပုံ)**၊ စုစုပေါင်းရိုက်ချက် ၄၆၃ ချက်ဖြင့် ဒုတိယရရှိသော ပြင်ဦးလွင်အသင်းတို့အား လည်းကောင်း၊ Professional Golfers တစ်ဦးချင်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင်(Pan-West)၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (Pan-West)နှင့် စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် တတိယရရှိသော အောင်ဝင်း (Y.C.D.C)တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ပြင်ဦးလွင်ဂေါက်ကလပ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ထွန်းရီက အမျိုးသားအပျော်တမ်း တစ်ဦးချင်း ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၇ ချက်ဖြင့် ပထမရရှိသောဇော်ဇင်ဝင်း(Y.C.D.C)၊ စုစုပေါင်း ရိုက်ချက်၃၀၀ ဖြင့် ဒုတိယရရှိသော သန်းနိုင်ဦး (သစ်တောရေးရာ)နှင့် စုစုပေါင်းရိုက်ချက် ၃၀၀ ဖြင့် တတိယရရှိသော နိုင်နိုင်လင်း (Y.C.D.C)တို့အား ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၄၈၆ချက်ဖြင့် ပထမရရှိသော ပြင်ဦးလွင်(ဂ)အသင်း၊ စုစုပေါင်း ၄၈၇ ချက်ဖြင့် ဒုတိယရရှိသော ပြင်ဦးလွင်(ခ)အသင်းတို့အားလည်းကောင်း၊ ငွေအဆင့်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ရရှိသော စိုးမြတ်(ပြင်ဦးလွင်)၊ ဒုတိယရရှိသော ဘလှမောင် (အကောက်ခွန်)၊ တတိယရရှိသော သိန်းလှိုင်(ပြင်ဦးလွင်)တို့အားလည်းကောင်း၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော လှဖြိုး(အကောက်ခွန်)၊ ဒုတိယရရှိသော သိန်းအောင် (အကောက်ခွန်)နှင့် တတိယရရှိသော ကျော်ကိုဦး (ပခုက္ကူ)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ဆုချီးမြှင့်

M.P.G.A အထွေထွေ အတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်က ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၅၁၈ ချက်ဖြင့် ပထမရရှိသောပခုက္ကူအသင်းနှင့် စုစုပေါင်း ရိုက်ချက်၅၂၁ ချက်ဖြင့် ဒုတိယရရှိသော အကောက်ခွန်အသင်းတို့အား လည်းကောင်း၊ K.M Golf Centre မှ ဒါရိုက်တာ ဒေါ်အေးအေးတင့်က အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော မရီ၊ ဒုတိယရရှိသော ခင်မျိုးတင့်နှင့် တတိယရရှိသော ခင်ဆွေတင်တို့အားလည်းကောင်း၊ သက်ကြီးတန်း ပြိုင်ပွဲတွင် ပထမရရှိသော ဦးထွန်း၊ ဒုတိယရရှိသော ဦးထွန်းလှိုင်နှင့် တတိယရရှိသော ဦးခမ်းမော်တို့အား လည်းကောင်း၊ ပြင်ဦးလွင် ဂေါက်ကလပ်အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက်အားကစားသမားများဖြစ်ကြသော ဧပြီ ၁၂ ရက် ပြိုင်ပွဲတွင် Professional Golfer ပြိုင်ပွဲ၌ ဇော်ဇော်လတ်(Pan-West)က ၆၈ ချက်၊ ဧပြီ၁၃ရက်ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West)က ၆၆ ချက်၊ ဧပြီ ၁၄ ရက်ပြိုင်ပွဲတွင် အောင်ဝင်း(Y.C.D.C) က အချက်၇၀နှင့် ဧပြီ၁၅ရက် ပြိုင်ပွဲတွင် စိုးကျော်နိုင်(Pan-West) က ၇၁ ချက်တို့ ဖြစ်ကြပြီး အပျော်တမ်း ပြိုင်ပွဲ၌ ဧပြီ ၁၂ ရက်တွင် ခင်မောင်တိုးက ၇၁ ချက်နှင့် ဧပြီ ၁၃ရက်မှ ၁၅ရက် အထိ ဇော်ဇင်ဝင်းက ၇၀၊ ၇၁၊ ၇၃ (သုံးရက်ဆက်တိုက်) တို့အား လည်းကောင်း၊ K.M Golf Centre အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်မြင့်က ရွှေအဆင့် တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမရရှိသော လှမျိုး၊ ဒုတိယရရှိသော နိုင်နိုင်လင်း၊ တတိယရရှိသော အေးကိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဓိကပံ့ပိုး

ယင်းပြိုင်ပွဲကို K.M Golf Centre နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့က အဓိက ပံ့ပိုး ကြမည်ဖြစ်ပြီး Co-Sponsors များအဖြစ် Maruman၊ Shwe Sar Yan Golf Resort၊ Eden Group၊ Air Mandalay၊ Impeial Jad၊ MK Fashion Shop၊ Ves၊ A.K ကုမ္ပဏီ၊ Wilson၊ Tiger နှင့် Sun Far Travels and Tour တို့ကလည်း ကူညီပံ့ပိုးကြသည်။ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized by Han Event Management and Pyin Oo Lwin Golf Club)တို့က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးထပ်ကျောင်းဆောက်လုပ်ရေး အလှူငွေပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၉

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)ဝိုင်း (၅)ရပ်ကွက် မိဘမဲ့ သာသနရက္ခိတကျောင်းအား အလျားပေ၈၀၊ အနံပေ၄၀ သုံးထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်လျက်ရှိရာ စေတနာရှင်များ ကျောင်းဆောင်သစ်ပြီးမြောက်အောင်မြင်ရေးအတွက်ဘဒ္ဒန္တ ဇောတိက (ကျောင်းအုပ်)ဆရာတော်ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၃၇)ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၉

ကာတွန်းမောင်ဝဏ္ဏ၏ မျက်နှာဖုံးကာတွန်းနှင့် မြေဇာ၏ ကိုကိုစိန်ရိုးကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ အီကြာကွေး၊ သန်လျင်မောင်မောင်ဦး၊ ဖိုးညဏ်၊ တွတ်တွတ်၊ ကာတွန်းမြင့်စိုးလေး၊ တေးသံရှင်ကြည်အောင်၊ စုသက်မှူး(မရမ်းကုန်း)၊ ရွှေရိုး(မန္တလေး)၊ မာန်သစ်၊ တနိုင်ခ၊ ဓနလောက်ဇော်၊ ကျော်ဇော်ဟိန်း (ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်၊ သဘင်ဟာသများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၃၇)ကို ဝါမိုးအောင်စာပေ အမှတ်၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**



ကုသိနာရုံမြန်မာကျောင်းဆရာတော် မြန်မာနိုင်ငံသို့ ကြွရောက်

ရန်ကုန် ဧပြီ ၁၉

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံ မြန်မာကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရသည် အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံအတွင်း သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဧပြီ၁၃ရက် နံနက်၅နာရီတွင် မြန်မာနိုင်ငံသို့ ကြွရောက်လာရာ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် တပည့်ဒါယကာဒါယိကာမများက လေဆိပ်၌ကြိုဆိုကြသည်။ **(အပေါ်ပုံ)** ဆရာတော်သည် ရန်ကုန်မြို့၌ရှိစဉ် ကမ္ဘာအေးဘုရားဝင်း ဟံသာသီရိကုန်းမြေ ရွှေဟသာံဆောင် ဖုန်း- ၆၆၃၇၁၁ တွင် သီတင်းသုံးလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

သဃ်န်းကျွန်းမြို့နယ်စာပေ/စာနယ်ဇင်း နှစ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၁၉

သင်္ဃန်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို မေ၂၅ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်၍ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်ဖေ(ဒု-စက်ရုံမှူး၊ ဖိနပ်စက်ရုံ)-ဒေါ်ခင်နွယ်ဦး(အထပြ၊ ငြိမ်း)တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးရဲထွဋ်ရှ B.Sc. (D.S.A) နှင့်

မန္တလေးမြို့ မေဂဂီရရပ်၊ ၁၈လမ်း၊ (၈၁ X ၈၂)လမ်းကြားနေ
ဦးအုံးရွှေ(ရွှေမြန်မာနစ်မြုပ်သင်္ဘောဆယ်ယူရေးလုပ်ငန်း)-ဒေါ်ခင်နွဲ့မြင့်တို့၏ တစ်ဦးတည်းသောသမီး

မရီယဉ်မွန် B.Sc. (Chem), B.C.Sc. (Hons), M.C.Sc. (Thesis)

တို့၏ ၅-၄-၂၀၀၄ရက် မန္တလေးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်သော လူကြီးမင်းများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တိုင်းတရားသူကြီး ဦးမောင်မောင်၊ ၆-၄-၂၀၀၄ရက် Oriental House တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ၁၀-၄-၂၀၀၄ရက် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ကုံးဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ Evening Star တေးဂီတအဖွဲ့၊ အဆိုတော် ကိုအောင်ရင်၊ မေတ္တာနှင့်ကူညီ မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်သရုပ်ဆောင် ပပဝင်းခင်၊ မဇွန်ဖြူ၊ မေတ္တာဖြင့်ပန်းအလှဆင်ပေးသော မန္တလေးမြို့မှ မြပါးရုံပန်းအလှ၊ သတို့သားအရန် ဗိုလ်ကြီးအောင်သီဟနှင့် ဗိုလ်ထွန်းအေးလင်း၊ သတို့သမီးအရန် မကေသီဦးနှင့် ညီမငယ် မအိမေဇင်၊ အဘက်ဘက်မှ ကူညီပေးသော နှစ်ဖက်သောအစ်ကိုအစ်မများအားလုံး၊ ညီမငယ်များဖြစ်သော မမိုးပွင့်ဖြူ၊ မသက်ရည်ဝင်းနှင့် မဆုရည်ဝင်း၊ ကားအကူအညီပေးသော မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ ပံ့ပိုးကူညီပေးကြသော သူငယ်ချင်းမိတ်ဆွေအားလုံးနှင့် ကြွရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်အပေါင်းအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရဲထွဋ်ရှနှင့် မရီယဉ်မွန်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၃) ရပ်ကွက်အတွင်းရှိ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၉ဦးတို့အား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက်က အရိယာဝံသဓမ္မာရုံတွင် ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်နှင့်အဖွဲ့ဝင်များက ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (၄၀၀)

ရုတိယအကြိမ် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

နေရာ ။ ရွှေအင်းယားစားသောက်ဆိုင်၊ အင်းယားလမ်း
နေ့ရက် ။ ၂၄-၄-၀၄ (စနေနေ့)
အချိန် ။ ညနေ(၆း၀၀ မှ ၉း၀၀)

ဆပ်ကပ်ပညာ မတိမ်ကော မပပျောက်စေရေး ထိန်းသိမ်းဖော်ထုတ်နေသည့် မြန်မာ့ဆပ်ကပ်အဖွဲ့

ရန်ကုန် ဧပြီ ၁၉

ဆပ်ကပ်ဟူသည် လူနှင့်တိရစ္ဆာန်တို့၏ ကျွမ်းကျင်မှုစွမ်းရည်ပြဖျော်ဖြေတင်ဆက်မှုပြပွဲတစ်မျိုး ဖြစ်သည်။ စွမ်းရည်ပြ ဖျော်ဖြေတင်ဆက်နိုင်ရန် ကြိုးတန်းလျှောက်၊ ဒိုင်ဗင်၊ ကျွမ်းထိုး၊ ကောင်းကင်ဘားစသည့် ပညာရပ်တို့တွင် ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းသလောက် အလုပ်ခက်သည်။ ထို့နောက် ယဉ်ပါးရုံနှင့်မပြီးသေး၊ ကျွမ်းကျင်အောင် လေ့ကျင့်ပေးရသည်။ ကျွမ်းကျင်ယဉ်ပါးသော တိရစ္ဆာန်တစ်ကောင်ရရေးကား မလွယ်။ ရရှိလာသော တိရစ္ဆာန်များ၏ အသက်ရှင်ရပ်တည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးမှာ ပို၍တာဝန်ကြီးလေးလှသည်။ ထို့ကြောင့်

လေ့ကျင့်ပြသ

ဟာသ ဦးတင်ဝင်းက သစ်သားတုတ်သုံးချောင်း၊ ပန်း ကန် သုံးချပ်ဖြင့် ပန်းကန်ပြား ပျံ က စား ကွက်ကိုပြသရင်း လက် တစ် ဖက်မှ ကွင်း များ မြှောက် က စား ခြင်း ကို လေ့ ကျင့် ပြ သ စဉ်။ ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)

သတင်းဆောင်းပါး-ကျော့မောင်မောင်
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ဆပ်ကပ်အဖွဲ့ကြီးတစ်ဖွဲ့၏ ရေရှည်ရပ်တည်ရေးမှာ ပို၍ခက်ခဲလှသည်။

မြန်မာ့ဆပ်ကပ်ပညာ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆိုဗီယက်ပြန် ဦးမောင်မောင်နှင့် ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို စမ်းချောင်းမြို့နယ် ပဒုမ္မာကဇာတ်ရုံတွင် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ည ၇ နာရီမှစ၍ လည်းကောင်း၊ ဧပြီ ၂၄ ရက်နှင့် ၂၅ ရက် မွန်းလွဲ ၁ နာရီမှစ၍ လည်းကောင်း တင်ဆက်ပြသရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရန် လေ့ကျင့်နေသည့် အာဇာနည်ဒေါ်စန်းစန်း၊ ကျွမ်းဘားဆရာ ဦးပေါက်စီတို့အား မြန်မာ့အလင်းသတင်းဆောင်းပါးအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

ငယ်ရွယ်သော ကလေးငယ်များက ရှေ့ကျွမ်း နောက်ကျွမ်း ပေါ့ပါးသွက်လက် မြန်ဆန်စွာဖြင့် အသက်အရွယ်နှင့်မမျှအောင် ကစားပြသည်။

အမျိုးသမီးတစ်ဦးက ဖန်ခွက်အတွင်း ရေအပြည့်ဖြင့် နဖူးပေါ်တင်၍ ခုံပေါ်တွင်တက်ကာ ခန္ဓာကိုယ် ပျော့ပျောင်းမှုကို အမျိုးမျိုး သရုပ်ပြသည်။

ဟာသဦးတင်ဝင်းက သစ်သားတုတ်သုံးချောင်း၊ ပန်းကန်ပြား သုံးချပ်ဖြင့် ပန်းကန်ပြားပျံ ကစားကွက်ကို ပြသရင်း လက်တစ်ဖက်မှ ကွင်းများကို မြှောက်၍ ကစားပြသည်။ ထို့နောက် ပုသိမ်ထီးကိုဖွင့်၍ အမိုးပေါ် ပန်းကန်ပြား ဒေါင်လိုက်တင်ပြီး ထီးကို အဆက်မပြတ်လှည့်ပတ်ရာ ပန်းကန်ပြားသည် ဒေါင်လိုက်ထီးအမိုးပေါ်တွင် လည်လျက်ရှိသည်ကို တွေ့ရသည်မှာ ကြည့်ကောင်းလှသည်။

ဆိုဗီယက်တွင် ရေပန်းစားသည့် ချက်ကရီအကကို မျက်နှာချင်းဆိုင်၊

နိုင်ငံတကာ ဆပ်ကပ်ပညာရပ်ကိုမြန်မာ့ဆပ်ကပ် ပညာရပ်နဲ့ပေါင်းကူးပေးတဲ့ ကျေးဇူးရှင် ဆိုဗီယက်ပြန်ဦးမောင်မောင် မရှိပေမယ့် ဆပ်ကပ် ပညာရပ်များ ပျောက်ကွယ်မသွားစေရန်ဆက်လက် ထိန်းသိမ်းထားပါတယ်။ (ဆိုဗီယက်ပြန် အာဇာနည်ဒေါ်စန်းစန်း) **ဓာတ်ပုံမှတ်တမ်း- တင်စိုး (မြန်မာ့အလင်း)**

ဝက်ဝံရွှေတိုးက သစ်သားတလိမ့်စည်ပိုင်းပေါ်တက်၍ ဤသို့လိမ့်ကစားပြသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

လေးပွင့်ဆိုင် ပုံစံဖြင့် အမျိုးသမီးများ ကစားပြကြသည်။

ထို့နောက် သစ်သားဘောလုံးကို မြှောက်ပြီး နဖူးတွင် သရေပြားခွက်တပ်ကာ ဘောလုံးခွက်ထဲအရောက်ဖမ်းပြသည်။ ဒါနှင့်အားမရသေး၊ ခွက်ကို နောက်စေ့ကို ပြောင်းရွှေ့ပြီး ဘောလုံးကိုမြှောက်ပြီး ဖမ်းပြလိုက်ပြန်သေးသည်။

ကိုပစ်တိုင်းထောင် ဝါးလုံးချိန်ပညာကို ပြသမှုက အံ့မခန်း။ ညာဘက်ပခုံးပေါ် ၁၂ ပေကျော်ရှိဝါးလုံးထမ်းထားပြီး ထိပ်ပေါ်မှ ခင်သန်းဦးတက်၍ အနေအထားအမျိုးမျိုး ကစားပြသည်ကို ထိန်းထားရသည်မှာ မလွယ်ကူလှပေ။

ပျံသန်းနေသော ကောင်းကင်ကူးဘားကစားကွက်အဖြစ် စင်ရှေ့ရှိ အပေါ်သံကွင်းသံဘားတန်းစင်တစ်ဖက်တစ်ချက် တွဲလျောင်းချ ကျောပေး အနေအထားဖြင့် ဘားတန်းခုန်ကူးမည့်သူက မျှော်စင်မှတစ်ဆင့်ဘားတန်းသို့ ခုန်ကူးပြီး ဘားတန်းမှတစ်ဆင့် တစ်ဖက်လူနှင့် လက်ချင်းချိတ်ပြီး အချိန်အဆမှန်မှန်ဖြင့် ဂရုတစိုက် လူကိုလွှဲ၍ ပြန်ပစ်ကာ ကစားပြသည်။ သရုပ် ပြသူတို့အတွက် အလေ့အကျင့်ဖြစ်သော်လည်း မြင်ရသူအတွက် စိုးရိမ်ဖွယ်ဖြစ်ကြရသည်။

အမျိုးသမီးတစ်ဦး ပျဉ်ပြားရှေ့တွင် မတ်တပ်ရပ်လျက်တစ်မျိုး၊ စောင်းလျက်တစ်မျိုး အနေအထား အမျိုးမျိုးကို မျက်နှာချင်းဆိုင်မှ အမျိုးသမီးက အချိန်အဆ မှန်ကန်စွာဖြင့် ဓားကို ပေါက်ပြသည်။ ထို့နောက်မျက်နှာကို ပဝါစည်းလျက် ထပ်မံ၍ အချက်ပေးသည့် နေရာကို ဓားပေါက်ပြသေးသည်။ အသက်တစ်ချောင်းကို ပေါက်သူထံ အပ်နှံထားရသည့် အန္တရာယ်များသည့်ပြကွက်ကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် လေ့ကျင့်ပြသသည်။

အာဂအမျိုးသမီး မနွဲ့နွဲ့မူက လည်မျိုကို သံချောင်းနှင့်ထောက်ပြီး အခြားတစ်ဖက်က သစ်ပြားဖြင့် ထောက်ကာ သံချောင်းကို ကွေးပြသည်။ လက်ဖြင့်ထောက်ပြီး ကွေးလျှင်ပင် ခက်ခဲနိုင်သည်ကိုနုနယ်သည့် လည်မျိုဖြင့်ကွေးပြနိုင်သည့် အစွမ်းက အံ့မခန်းပင်။

တွဲလောင်းကျထားသော ကြိုးပေါ်တက်ပြီး ကြိုးထိပ်တွင်လှည့်ပတ်၍ အမျိုးမျိုး ကစားပြသည်။ ထို့နောက် လူသားကို ကျည်ဆန်အဖြစ် အသုံးပြုကာ အမြောက်ထဲ ထည့်ပစ်ရာ ကောင်းကင်ဘားတန်းတွင် ဇောက်ထိုးလွဲနေသူက ကျည်ဆန်လူသားကို အမိအရ ဖမ်းယူသော ပြကွက်ကို တစ်ယောက်နှင့် တစ်ယောက် အချိတ်အဆက်မိမိ သရုပ်ပြကြသည်။

တစ်ဖန် အမြင့် ကိုးပေခွဲရှိသော တစ်ဘီး စက်ဘီးကို မပြည့်ပြည့်က စီးပြီး၊ အမြင့် ၁၀ ပေရှိသော တစ်ဘီး စက်ဘီးကို မနွဲ့နွဲ့မူက ကျွမ်းကျင်ပိုင်နိုင်စွာ စီးပြကြသည်။

မောင်းနှင်းကျွမ်းကလပ်ပြကွက်တွင် မောင်းတစ်ဖက်ကျွမ်းထိုးမည့်သူကရပ်ပြီး ထောင်နေသောမောင်းကို လူနှစ်ယောက်က ပြေး၍ ခုန်နင်းရာ လေထဲဝဲပျံကာ လူတစ်ယောက် ထမ်းထားသည့် ကလပ်ခွက်တွင် ထိုင်လျက်သား ဖြစ်နေသည်။ ထို့အတူ အခြား

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ဆင်မ မွန်မွန်က စားပွဲပေါ်တက်၍ လေ့ကျင့်ကပြဟန်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန် အလေ့အကျင့် အချိန်အဆကောင်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆပ်ကပ်ပညာရပ်နှင့် ပတ်သက်၍ စနစ်တကျ တတ်ကျွမ်းပြီး ရေရှည်ရပ်တည် ထိန်းသိမ်းနိုင်သောအဖွဲ့မှာ ဦးမောင်မောင် ဆပ်ကပ်အဖွဲ့ဖြစ်သည်။ ဦးမောင်မောင်သည် နိုင်ငံတကာဆပ်ကပ်ပညာရပ်ကို မြန်မာ့ဆပ်ကပ်ပညာရပ်နှင့် ဆက်စပ် ပေါင်းကူးပေးသူဟုလည်း ဆိုနိုင်သည်။

ဦးမောင်မောင်နှင့် အဖွဲ့သည် ၁၉၆၁ ခုနှစ်ကပင် ယခင်ဆိုဗီယက်နိုင်ငံသို့ သွားရောက်ကာ တစ်နှစ်ကြာ နိုင်ငံတကာဆပ်ကပ်ပညာရပ်ကို လေ့လာခဲ့သည်။ အထူးသဖြင့် အာဇာနည်ဒေါ်စန်းစန်း၊ ဒေါ်ခင်စောမြင့်နှင့် ဒေါ်ခင်စန်းဝင်းတို့က နိုင်ငံရပ်ခြားတွင် လေးနှစ်ကြာမျှ သင်ယူဆည်းပူးခဲ့သည်။

ဆပ်ကပ်ပညာရပ်သည် လွယ်မယောင်နှင့်ခက်သည် တိမ်မယောင်နှင့်နက်သည့် ပညာရပ်ဖြစ်သည်။ တစ်ဦးချင်း စွမ်းရည်ထက်မြက်ရန် အထပ်ထပ်အခါခါ လေ့ကျင့်ရသည်။ တိရစ္ဆာန်အရိုင်းကို ယဉ်ပါးအောင် လေ့ကျင့်ရသည်မှာ အပြောလွယ်

ပျဉ်ပြားတန်းပေါ် ဒေါက်တင်ထားသည့် ပန်းဖွားကွင်းထဲ ခွေးလိမ္မာက ခုန်ထွက် လေ့ကျင့်ပြသစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၉ x ၃)	–	၄ဝိ/–
ဘိလပ်မြေတစ်အိတ်	–	၄၀၀ဝိ/–
သဲတစ်ကျင်း	–	၆၀၀ဝိ/–
မြစ်ကျောက်(အသေး)တစ်ကျင်း	–	၂၀၀၀ဝိ/–
ထုံး (တစ်အိတ်)	–	၁၀၀ဝိ/–
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	–	၅၀ဝိ/–

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း – ၅၄၃၂၄၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း – ၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂–၃၆၃၆၅၊ ၀၂–၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

ဧပြီ ၁၇ ရက်က ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီး၌ မြန်မာနှစ်ဆန်းတစ်ရက်က နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင် မွန်နှင့်ကရင်ပြည်နယ်အတွင်းရှိ ရော်ဘာခြံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၃ရက် ညနေပိုင်းက သထုံမြို့သို့ ရောက်ရှိသည်။

ဘားအံမြို့နယ်

ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၄ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဘားအံရော်ဘာခြံသို့ ရောက်ရှိလာရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးဝင်းနိုင်က ဘားအံရော်ဘာခြံ၏ တည်နေရာ၊ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ရော်ဘာထုတ်လုပ်မှုလျာထားချက်နှင့် အမှန် ထုတ်လုပ်မှု၊ ငွေရေးကြေးရေးနှင့် ဝန်ထမ်းအင်အားများကို ရှင်းလင်းတင်ပြရာ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ရော်ဘာခြံ အတွင်းရှိ ရော်ဘာပြားသိုလှောင်ရုံနှင့် အခြားအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပေါင်မြို့နယ်

ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၅ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ပေါင်–ကျုံက ရော်ဘာခြံသို့ရောက်ရှိလာပြီး ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးကျော်နိုင်က ပေါင်–ကျုံက ရော်ဘာခြံ၏ တည်နေရာ၊ ရော်ဘာ စိုက်ပျိုးမှု၊ ငွေကြေး အခြေအနေ၊ ရော်ဘာထုတ်လုပ်မှုနှင့်ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်ရော်ဘာခြံသို့သွားရောက်ပြီး မှိုင်းခံရော်ဘာပြားများ ထားရှိမှုကိုလည်းကောင်း၊ ရော်ဘာပင်များစိုက်ပျိုးထားရှိမှုနှင့် အစေးခြစ်မှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျ

ဆက်လက်၍ ကျုံကရော်ဘာခြံသို့ သွားရောက်ပြီး ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ခြံမန်နေဂျာ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရော်ဘာထုတ်လုပ်မှုနှင့် ပတ်သက်သည့် စာရင်းဇယားများ စနစ်တကျထားရှိရေး၊ သိုလှောင်ရုံများ သန့်ရှင်းသပ်ရပ်ရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဘီးလင်းမြို့နယ်

ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် ဧပြီ၁၆ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဘီးလင်းရော်ဘာခြံသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးစောဝင်းမြင့်ထွန်းက ဘီးလင်း ပင်မခြံ၊ ဇုတ်သုတ်ခြံခွဲနှင့် နောင်ရိုးခြံခွဲတို့၏ တည်နေရာနှင့် ရော်ဘာထွက်ရှိမှု၊ ဝန်ထမ်းအင်အား၊ လွှဲပြောင်းလက်ခံရရှိသည့် အဆောက်အအုံများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ဘီးလင်း ပင်မခြံ၌ ရော်ဘာအစေးခံနှင့် ရော်ဘာပြားကြိတ်စက်ရုံ၊ ရော်ဘာပြားသိုလှောင်ရုံတို့ကို လည်းကောင်း၊ ဇုတ်သုတ်ခြံခွဲနှင့် နောင်ရိုးခြံခွဲတို့တွင် ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရော်ဘာစေးများ အဆင်ပြေစွာ သယ်ယူရေး၊ ကုန်ချောများစနစ်တကျ သိုလှောင်ထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကျိုက်ထိုမြို့နယ်

ဆက်လက်၍ ကျိုက်ထိုမြို့နယ်ရှိ မရမ်းကုန်း ရော်ဘာခြံသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးခင်ငွေက မရမ်းကုန်းခြံခွဲ၊ ခမိတ်ခြံခွဲ ဘုရားလမ်းခြံခွဲနှင့် ကျူချောင်ခြံခွဲများ၏ တည်နေရာ၊ နောက်ခံသမိုင်း၊ ရော်ဘာထုတ်လုပ်မှု၊ နှစ်အလိုက် အမြတ်ငွေရရှိမှုနှင့် ဝန်ထမ်းအင်အားတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးသည် ရော်ဘာအစေးခံနှင့် ရော်ဘာပြားကြိတ်စက်ရုံ၊ ရော်ဘာထုပ်ပိုးနှင့် ကုန်ချော သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေး၊ အလေအလွင့်မရှိအောင် ထိန်းသိမ်းရေး၊ အစေးခံစက်ရုံနှင့် သိုလှောင်ရုံများ သပ်ရပ်သန့်ရှင်းအောင် စီမံဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဧပြီ ၁၇ ရက်က ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဇနီးဒေါ်စန်းစန်းမြင့်ပဋ္ဌမအကြိမ်မြောက် ပို့ဆောင်ရေးဝန်ကြီးဌာန သက်ကြီးပူဇော်ပွဲတွင် အဘိုး၊ အဘွားများအား ကန်တော့ခံပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(ပို့ဆောင်ရေး)

စာမျက်နှာ ၁၅ ဆောင်းပါးမှအဆက်

ဆပ်ကပ်အဖွဲ့သားများ လေထဲတွင် တစ်ပတ်ကျွမ်း၊ နှစ်ပတ်ကျွမ်း အသီးသီး ထိုးပြကြသည်။

ကမ္ဘာလုံးထဲတွင် ဆိုင်ကယ်နှစ်စီး၊ သုံးစီးတို့ကို သည်းထိတ်ရင်ဖိုစီးပြသည်။

ထို့နောက်တိရစ္ဆာန်များ လေ့ကျင့်မှုပြသရာ ဆိတ်ကလေးကံကောင်းက သံချောင်းပေါ် အသွားအပြန်လမ်း လျှောက်ပြသည်။ ရွှေဘိုမြို့မှရ၍ ရွှေတိုးဟုခေါ်သည့် နှစ်နှစ်သားဝက်ဝံက စည်ပိုင်းတလိမ့်အပေါ်တက်၍ လိမ့်ကစားပြသည်။ ခွေးလေးများက ပျဉ်ပြားတန်းပေါ် မိကျောင်းသွား ဟန်တွားသွားပြသည်။ မတ်တပ်ရပ်လျက် နောက်ဆုတ်ပြသည်။ ပျဉ်ပြားတန်းပေါ်တွင် ဒေါက်ဖြင့်တင်ထားသည့် ပန်းဖွားကွင်းထဲ ခုန်ဝင်ပြကြသည်။ ပြီးနောက် မျောက်ညိုသူ့တတ်ကျွမ်းမှုကို အမျိုးမျိုးသရုပ်ပြသည်။

ဆင်လိမ္မာမလေး မွန်မွန်သည် ဆိုဗီယက်ပြန်ဦးမောင်မောင်ကိုယ်တိုင် သင်ကြားပြသသည့်လေးကောင်မြောက်ဆင်ဖြစ်သည်။ မွန်မွန် ငါးနှစ်အရွယ်က ရောက်ရှိရာ ယခု ၄၂နှစ်ရှိပြီ ဖြစ်သည်။

ဆိုဗီယက်ပြန် ဦးမောင်မောင်သည် စစ်ကိုင်းတိုင်းဝက်လက်မြို့တွင် ၁၉၉၅ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ ကျေးဇူးရှင်ခေါင်းချသည့်နေရာတွင် အာဇာနည် ဒေါ်စန်းစန်းက ဆုတောင်းပြည့်စေတီနှင့်ဘုရား၊ ကျောင်းကန်၊ တန်ဆောင်းများ တည်ဆောက်ရာ မွန်မွန်က ကျေးဇူးရှင် ဘုရားတည် ကျောင်းဆောက်ရန် နှာမောင်းဖြင့် အလှူခံ၍ ရသောငွေများ ရှင်ပြုရဟန်းခံ ဘုရားလှည့်ရန် မွန်မွန်အား ဌားရမ်းငွေများကို ဘုရားတည်၊ ကျောင်းဆောက်ရန် အသုံးပြုသည်။

မွန်မွန်သည် ခုံပေါ်လက်တင်၍ ကပြသည်။ ခုံပေါ်တက်၍ လက်နှစ်ဖက် မြှောက်ကပြသည်။ ကင်းမြီးကောက် ထောက်ပြသည်။

ဆပ်ကပ်ပညာဆက်လက်တိုးတက်ရန် ညနေပိုင်းလေ့ကျင့်မှုသည် ညပိုင်းပြသအထောက်အကူ လေ့ကျင့်မှုဖြစ်ပြီး နေ့ပိုင်း လေ့ကျင့်မှုသည် နောင်နှစ်များအတွက် ဆက်လက်တီထွင်လေ့ကျင့်မှုဖြစ်ရာ မြန်မာနိုင်ငံတွင် နိုင်ငံတကာ ဆပ်ကပ်ပညာနှင့် မြန်မာ့ဆပ်ကပ်ပညာပေါင်းစပ်သည့် ဆပ်ကပ်ပညာသည် မြန်မာ့အားကစားနှင့်ဆက်စပ်လျက်ရှိသည်။ ဆိုဗီယက်ပြန် ဦးမောင်မောင် တည်ထောင်ခဲ့သော ဆပ်ကပ်ပညာသည် ဦးမောင်မောင် မရှိသော်လည်း ရှိသည့်အလား ဆက်လက်၍ ဆပ်ကပ်ပညာတိုးတက်ရေး ဆက်လက်ကြိုးပမ်းလျက် ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲနှင့် အသင်းလိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ဧပြီ ၂၅ရက်မှ မေ ၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ တင်းနစ်ကလပ်များနှင့် တင်းနစ်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားသည်။

ပြိုင်ပွဲအမျိုးအစားမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၅၅နှစ်နှင့် ၆၀အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ ၁၂နှစ်၊ ၁၄ နှစ်၊ ၁၆နှစ်နှင့်အောက် လူငယ်တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်လိုသော ကလပ်အသင်းများ၊ တင်းနစ်အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၀၁–၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ဖက်စ်–၃၈၁၉၉၂သို့ ဧပြီ ၂၄ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်း မြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စုပေါင်းဒုလ္လဘ ရဟန်းခံပွဲ၊ ဆွမ်းဆန်တော်နှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၃ ရက်က မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်းနှင့် ရဲတပ်ဖွဲ့မိသားစုများက ဆွမ်းဆန်တော်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၉၇)

မဟာအတုလဘဂဝါစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ကျောက်ပန်းတောင်း မတ် ၂၂

ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက် လေးရွာဘုန်းတော်ကြီးကျောင်းတိုက်ရှိ ရှေးဟောင်းသမိုင်းဝင် လေးကျွန်းစကြာ မဟာဝိဇယစေတီနှင့် မဟာအတုလဘဂဝါစေတီ ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားကို လေးရွာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသစ္စနန္ဒနှင့် ဘဒ္ဒန္တဝဏ္ဏိတ ဆရာတော်တို့က မတ် ၁၃ရက်က ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲ အခမ်းအနားတွင် ပင့်သံဃာတော်များက အနေကဇာ တင်ကြပြီး သာသနပါလ အရဏ် ဆွမ်း သံဃာတော် အပါး ၅၀၀တို့အား ဆွမ်းလောင်းလှူခြင်း၊ ပင့်သံဃာတော် အပါး ၁၂၀တို့အား ဆွမ်းသပိတ်၊ ဝတ္ထုပစ္စည်းများ လောင်းလှူပြီး စေတီတော်နှင့် ကျောင်းတိုက်အား အုတ်တံတိုင်းဆောက်ရန် လှူဒါန်းကြသည့် အလှူရှင်များ၏ စုပေါင်းရေစက်ချ အခမ်းအနားကို ကျောင်းတိုက်ဓမ္မာရုံတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရဆရာတော် အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဓမ္မသုခကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောသဝက အလှူရှင်များအား ငါးပါးသီလ ချီးမြှင့်၍ အနုမောဒနာ တရားတော်များ ဟောကြားကြောင်း သိရသည်။ **(ဝ၆၁)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျန်းမာရေးအသိပညာပေးဟောပြော ကျေးလက်ပြည်သူများဆေးဝါးကွင်းဆင်းကုသ

နွားထိုးကြီး မတ် ၅

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျေးလက်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရန် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆေးဝါးကုသပေးခြင်းကို ဖေဖော်ဝါရီ၂၈ရက်က ဝက်လူးကျေးရွာအုပ်စု ဝက်လူးအလည်ရွာရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမနှင့် ဝက်လူးတိုက်နယ်ဆေးရုံတို့တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ကအမှာစကားပြောကြားပြီး မွေးကင်းစကလေးများ၏ ကျန်းမာရေးကို ဒေါက်တာဦးသိန်းထွန်းကလည်းကောင်း၊ မျက်စိကျန်းမာရေးကို မျက်စိအထူးကု ဒေါက်တာ ဒေါ်ခင်မာထွန်းက လည်းကောင်း၊အမျိုးသမီးများကျန်းမာရေးကို မီးယပ်နှင့်သားဖွားဆရာဝန်ဒေါက်တာ ဒေါ်အမာကလည်းကောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးကို ဒေါက်တာ ဦးအေးကိုကိုတို့က ပညာ ပေးဟောပြောကြသည်။

ထို့နောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဦးမောင်မောင်လှ ဦးဆောင်သော အထူးကုဆရာဝန်အဖွဲ့ကိုးဖွဲ့နှင့် မြို့နယ်ဆရာဝန် ဒေါက်တာ ဦးခင်မောင်ကြီးနှင့် ဝက်လူး တိုက်နယ်ဆရာဝန် ဒေါက်တာဒေါ်ခင်စန်းဝေနှင့် ဆရာ ဆရာမများက ဝက်လူးမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးလက် တောင်သူဦးကြီးများနှင့် မိသားစုအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ကြရာ ဆေးဝါးကုသခံရန် လိုအပ်သည့် လူနာများအား ခရိုင်ဆေးရုံသို့ လွှဲပြောင်းပေးပို့ရန် စီစဉ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၂၁၃)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာကြည့်တိုက်နှင့်ကျေးလက်စာကြည့်တိုက်များသို့ စစ်တွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျပ်၁၂၀၀၀၀ ကျော်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များပေးအပ်လှူဒါန်းပွဲကို မတ်၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွင်သို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသခါကျော်နှင့် စာနယ်ဇင်းကိုယ်စားလှယ် ဦးသိန်းမောင်တို့က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယဉ်ကျေးမှုသင်တန်းဖွင့်

ကောလင်း မတ် ၁၅

ကောလင်းမြို့ ရှမ်းကုန်းရပ်ကွက် မဟာဒေဝိန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ သံဃရက္ခိတ ကြီးမှူး၍ နှစ်စဉ်ဖွင့်လှစ်သော တတိယအကြိမ်မြောက် ယဉ်ကျေးမှုသင်တန်းကို မတ် ၆ရက် မွန်းလွဲ၁နာရီက အဆိုပါ ကျောင်းတိုက်တွင်ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျောင်းတိုက် ပဓာနဆရာတော်ဘဒ္ဒန္တသံဃရက္ခိတက ဩဝါဒကထာမြွက်ကြားပြီး သင်တန်းစည်းကမ်းချက်များကို သင်တန်းနည်းပြဆရာ ပညာသီရိက ရှင်းလင်းတော်မူသည်။ အဆိုပါသင်တန်းကာလမှာ ရက်သတ္တခုနစ်ပတ်ဖြစ်ကြောင်း သိရသည်။ **(ဝ၂၆)**

သန်လျင်မြို့ မြို့ဟောင်းအလက၏ ပထမအကြိမ် ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို မတ်၂၅ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်း ဦးဆောင်၍ ကျောင်းသားလေးများအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ကြစဉ်။ (က-ပ)

ကန့်ဘလူမြို့နယ် ပညာရေးငွေပဒေသာပင်ကော်မတီ ဆေးတက္ကသိုလ်ကျောင်းသားများ ပညာသင်စရိတ်ထောက်ပံ့

ကန့်ဘလူ မတ် ၁၀

ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။

ပါဝင်

ရှေးဦးစွာ ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်း ပါဝင်ဆောင်ရွက်ကြဖို့လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ကန့်ဘလူမြို့နယ်မှ ဆေးတက္ကသိုလ် ဒုတိယနှစ် တက်ရောက်နေသူ နှစ်ဦး၊ ကျွန်းလှမြို့နယ်မှ သုံးဦးတို့အား ၂၀၀၄ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀(တစ်သိန်းငါးသောင်း)စီတို့ကို မြို့နယ်ပညာရေးငွေပဒေသာပင် စိုက်ထူကြီးကြပ်မှုကော်မတီကိုယ်စား ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်က ပေးအပ်သည်။ **(ဝ၅၆)**

တပ်ကုန်းမြို့နယ် ကံသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို မတ် ၁ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းအုပ်ဆရာကြီး ဦးစိုးလင်းသို့ သတင်းစာ၊ ဂျာနယ်များ ပေးအပ်လှူဒါန်းစဉ်။ (၂၆၆)

ဘက်စုံတိုးတက်ရေးရှင်းလင်း

ဂန့်ဂေါ မတ် ၂

ဂန့်ဂေါဒေသဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ရက်က ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အစည်းအဝေးတွင် ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စိုးနှင့် မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်တို့က ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။

အစည်းအဝေးသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များတက်ရောက်ကြသည်။ **(၂၇၃)**

မြန်မာ့အသံ

၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (လင်းဒီးဆေးတောင့်ထုတ်လုပ်မှုအတွက် အရေးပါသော လင်းဒီးမှို စိုက်ပျိုးရေးအကြောင်း)

၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်

၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှု)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ဂုဏ်ပြုပဒေသာကပွဲအကြောင်း) (ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၃၀ အစာနှင့် အာဟာရ (သစ်သီးစုံဖျော်ရည်)

၁၇း၄၅ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မအိအိမွန်၏ ပတ္တလားလက်သံနှင့် မဝင်းသဇ္ဇာစတင်းတို့၏ ပတ္တလားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)နို့တစ်လုံးဖိုးကျေပါတယ် (အရှင်ဆန္ဒာဓိက- ရွှေပါရမီတောရ)

(၂)ငါးဆယ်ကျော်ကျန်းမာရေး (ကျိုက်လတ်-မိုးမြင့်)

၁၉း၁၅ သီချင်းကြီးတူရိယာအဖွဲ့ (စိုးအမွန်သီချင်းကြီးတူရိယာအဖွဲ့)

၂၀း၃၀ နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အမြဲတမ်းမင်းအနားမှာ တေးစီးရီး

ဆည်ရေပေးဝေမှုနှင့် စိုက်ပျိုးပြီးစီးမှုလုပ်ငန်းများ မန္တလေးခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

မြစ်ငယ် မတ် ၃

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သည် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်တင့်၊ ခရိုင်ပိုးချည်ဝါလုပ်ငန်းမန်နေဂျာ ဒေါ်လွင်လွင်ထွန်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်သာဌေးနှင့် ဆည်မြောင်းဦးစီးအရာရှိ ဦးစိုးတင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်က အမရပူရမြို့နယ်အရှေ့ခြမ်း နွေစပါးနှင့်မိုးကြိုချည်မျှင်ရှည်ဝါ စီမံကိန်းတွင် ဆည်ရေပေးဝေမှုနှင့် ပျိုးထောင်စိုက်ပျိုးပြီးစီးမှု လုပ်ငန်းအခြေအနေများ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မန္တလေးတူးမြောင်းမကြီးတစ်လျှောက် ဆည်ရေပေးလွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တမုတ်ဆိုးကျေးရွာအုပ်စု ၅၇၀ (ဃ) ကွင်းတွင် နွေစပါး ဧက ၂၀၀ နှင့် တောတွင်ကျေးရွာအုပ်စု နွေစပါး ၄၃ဧကသို့ ဆည်ရေ ပေးဝေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ဆည်မြောင်းဦးစီးအရာရှိ ဦးစိုးတင့်တို့က စီမံကိန်း လျာထားချက်များ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးစီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အမရပူရမြို့နယ်တွင်၂၀၀၃-၂၀၀၄ ခုနှစ် နွေစပါး ဧက ၁၂၁၈၀ ၊ မိုးကြိုဝါ ဧက ၆၅၀နှင့် နွေနှမ်း ဧက ၇၀၀၀ လျာထားလျက်ရှိရာ နွေစပါးဧက ၇၁၇၀ နှင့်မိုးကြိုဝါ ဧက ၆၀ ပျိုးထောင်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။**(၂၀၉)**

(၃၉) နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဗိုလ်ချုပ်စောထွန်းနှင့် ချစ်မေမေ ဒေါ်မြင့်မြင့်ကို တို့၏ ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင်ကျရောက်သော နှစ်ပတ်လည် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ ချစ်မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက်။

ချစ်သားသမီးများနှင့်

ချစ်မြေး – ကစ်ကစ်၊ ပုံ့ပုံ့၊ ကျော်သီဟထွန်း၊ ကျန်ကျောင်း။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော M & S Enterprise ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Tellus Marine Engineering Pte Ltd တွင် Machinery Fitter/Pipe Fitter များအဖြစ် လုပ်ကိုင်ရန် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသား)များ အလိုရှိပါသည်–

- (က) လိုအပ်သောဦးရေ – ၃၀ ဦး
- (ခ) အသက် – ၃၅ နှစ်အောက်
- (ဂ) ပညာအရည်အချင်း – အနည်းဆုံး T.H.S (သို့မဟုတ်) ETEC (သို့မဟုတ်) ၁၀တန်း အောင်မြင်ပြီး Mechanical Drawing နားလည်ရမည်။
- (ဃ) အခြေခံလစာ – တစ်ရက်လျှင် စင်ကာပူဒေါ်လာ(၁၈)မှ(၂၀)
- (င) အချိန်ပိုခံစားခွင့် – တစ်ရက်လျှင်အနည်းဆုံး (၂)နာရီ
- (စ) ဝန်ဆောင်ခ – လုပ်ခလစာ စင်ကာပူဒေါ်လာ (၁၈)ရသူသည် ဝန်ဆောင်ခ S$2100 နှင့်ညီမျှသော မြန်မာကျပ်ငွေ ပေးချေရမည်။
  – လုပ်ခလစာ စင်ကာပူဒေါ်လာ (၂၀)ရသူသည် ဝန်ဆောင်ခ S$2300နှင့် ညီမျှသော မြန်မာကျပ်ငွေ ပေးချေရမည်။

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း အတွင်းရှိ မြို့နယ်အလုပ်သမားရုံးများနှင့် ကျန်ပြည်နယ်/တိုင်းများရှိ ပြည်နယ်/တိုင်းအလုပ်သမားရုံးများတွင် ၃၀–၄–၂၀၀၄ နေ့ (၁၆:၃၀) နာရီမတိုင်မီ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ ပြည်နယ်/တိုင်းနှင့် မြို့နယ်အလုပ်သမားရုံးများနှင့် M & S Enterprise ရုံးတွင် စုံစမ်းသိရှိနိုင်ပါသည်။

လူပျောက်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၂၅/၄ လွှာနေ ဦးစံလှိုင်(၅၅)နှစ် (ဘ)ဦးအုန်းမြိုင် ၁၂/တမန(နိုင်) ၀၆၈၀၅၀ သည် ၉–၄–၂၀၀၄ ရက်နေ့ ၁၉:၀၀ နာရီအချိန်တွင် နေအိမ်မှ ဒဂုံသီရိလမ်းရှိ ဆေးခန်းသို့သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အထက်ပါ လိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန်။

သား–မောင်ဇော်ထွန်းနှင့် မိသားစုများ။

မင်္ဂလာဆုမွန်

မောင်ခိုင်လင်းမောင်(MMG Co.)နှင့် မစုစပယ်နှင်းတို့၏ ၂၀–၄–၂၀၀၄ ရက်တွင် တစ်နှစ်ပြည့် မင်္ဂလာရက်မြတ်မှ ရာသက်တိုင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ချစ်ဘွားဘွား၊ ဖေဖေ၊ မေမေ
ကူး၊ ဘုတ်၊ ဝါ၊ ထွေး၊ အိ။

အင်ဂျင်နီယာသင်တန်းများဖွင့်ပြီ

တက္ကသိုလ်ဝင် စာမေးပွဲဖြေပြီးသူများအတွက် အခြေခံနှင့် အင်ဂျင်နီယာဘွဲ့ရများအတွက် အဆင့်မြင့်သင်တန်းများဖွင့်ပြီ တက်ရောက်လိုသူများ DUAL TECH Co.လမ်းသစ်လမ်းနှင့် မင်းဓမ္မလမ်းထောင့်၊(စော်ဘွားကြီးကုန်း မီးပွိုင့်အနီး)၊ ဖုန်း–၇၂၇၂၉၃၊ ၅၆၂၁၇၁ သို့ ဆက်သွယ်နိုင်သည်။



ဦးဝင်းအောင်(ခ) ပေါက်ပေါက်

အသက်(၄၇)နှစ်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် ၁၀၇၊ ရွှေဘုံသာအောက်လမ်းနေ (ဦးသောင်းအေး)–ဒေါ်စန်းမြင့် တို့၏ သားသမက်၊ (ဦးထွန်းမြင့်)–ဒေါ်ခင်ညွန့် တို့၏သား၊ ဦးစိုးသိန်း–ဒေါ်ကြည်ကြည်ခင်၊ဦးသိန်းလွင်–ဒေါ်ရင်ရင်မြ၊ ဦးမြင့်အောင်–ဒေါ်ချို၊ ဦးအောင်ကျော်မိုး–ဒေါ်အေးအေးသောင်း၊ ဦးခင်မောင်လွင်–ဒေါ်နီနီအေးတို့၏မောင်/အစ်ကို၊ တူ၊ တူမ ၁၃ ယောက်တို့၏ ဦးလေးသည် ၁၆–၄–၂၀၀၄ ညနေ ၄ နာရီ ၃၀ မိနစ်တွင်ကွယ်လွန်သွားပါ၍ ၁၆–၄–၂၀၀၄ ည၇နာရီ ၃၀မိနစ်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂

လူပျောက် ကြော်ငြာ

အထက်ပါ ဓာတ်ပုံရှင် တခင်းလုံးကျေးရွာ ကရင်ပြည်နယ်မှ မောင်မျိုးမင်းထွန်း အသက် ၁၃နှစ်နှင့် မစုလှိုင်ဝင်း အသက်၁၁နှစ် တို့သည် ၁၃–၄–၂၀၀၄ရက်တွင် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၃)၊ အခန်း ၂၄ မြို့မ ကျောင်းလမ်းတွင် ခေတ္တလာရောက် တည်းခိုနေထိုင်စဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

မိဘများနှင့်မမကြီး။

ဘုရား၊ရဟန်း၊ သိမ်၊ ဒါယိကာ

ဦးတင် (တောင်တွင်းကြီး)

တိုင်းငွေစာရင်းအရာရှိ (အငြိမ်းစား)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အသက် (၈၅)နှစ်

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁) အနော်မာရပ်ကွက် တိုးချဲ့(၁) ဖြတ်လမ်း၊ အိမ်အမှတ် ၁၆၇၉နေ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဒေါ်ခင်ခင်ရွှေ (လမ်းအထူးအဖွဲ့–၄ ညောင်တုန်း)၊ ဒေါ်မြမြညွန့် (ငွေစာရင်းဦးစီး၊ ဆလရ)၊ ဦးကြည်ဝင်း (ပြည်နယ်သစ်တော ဦးစီးရုံး)ဟားခါးမြို့၊ ဦးမြစိန် (Carnival- shipping Co.,Ltd.)၊ မအေးအေးသန်းတို့၏ ဖခင်သည် ၁၆–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှ (ထားဝယ်)

အသက်(၇၆)နှစ်

အမှတ်(၅၆၄) ရေးလမ်း၊ မြောက်ရွာရပ်နေ (ဦးလူညို–ဒေါ်ပို)တို့၏သမီးကြီး၊ (ဦးအုန်းမောင်) ၏ဇနီး၊ ဦးစံတင် (ဒေါ်သန်းခင်)၊ ဦးသန်းလွင်–ဒေါ်နန်းကျောက်၊ ဒေါ်တင်အုန်း၊ ဦးရိုးမောင် (ဒေါ်မြစိန်)တို့၏အစ်မ၊ မစောရွှေ၊ ကိုမျိုးလွင်(A/B-Boyant Korea.)–ဒေါ်ခင်မာလာ၊ ကိုသိန်းတန်၊ ကိုကျော်ကျော်သန့်(Mega Steel)၊ ဗိုလ်ကြီးကျော်ခင်ဆင့် (တပ်မတော်–လေ)–ဒေါ်ခင်မိုးသူတို့၏ မွေးသမိခင်၊ မကေဇင်သွယ်၊ မနန္ဒာအိအိလွင်၊ မောင်မြတ်ဖုန်းဆင့်တို့၏ အဘွားသည် ၁၅–၄–၂၀၀၄ ရက် နံနက် ၂ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆–၄–၂၀၀၄ ရက်တွင် ထားဝယ်မြို့၊ ဝဲကျွန်းသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)

စာရေးဆရာ တက္ကသိုလ်မင်းညို

အသက်(၆၉)နှစ်

မယုဇနခင် B.Sc(Physics), B.Tech (First Year)၊ မဆုဝေပိုင် 3rd Year (English)(U.E.Y),B.Sc Engg;(IT) (Second Year)၊ မသက်စုအောင် Second Year (Y.I.E)၊ မစိမ့်ရွှေဇင်(အထက–၂၊ စမ်းချောင်း)၊ မောင်ကောင်းမြတ်ဟိန်း (အထက–၄၊ အလုံ)၊ မောင်သုတအောင်ကျော် တို့၏ ဘိုးဘိုးကြီးသည် ၁၆–၄–၂၀၀၄ရက် နံနက် ၁၁း၅၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီ ဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေးတစ်စု။

ကျေးဇူးတင်ရှိခြင်း

မိခင်ကြီး ဒေါ်တင်လှမကွယ်လွန်မီ အဘက်ဘက်မှပြုစုစောင့်ရှောက်ပေးခဲ့ကြသောဆရာဝန်များ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဝိုင်းဝန်းကူညီပေးကြသူများ အားလုံးအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဒေါက်တာခင်မောင်လတ်(ခ)ဦးကျင်တိတ်

(တိုက်ကြီး)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ် ၅၁ နေ(ဦးဘချူး-ဒေါ်ခင်စော)တို့၏သား၊ (ဦးဖိုးယား-ဒေါ်ရှုကီ)တို့၏သားသမက်၊ (ဦးရန်ဂုက်-ဒေါ်အော)၊ (ဦးရောက်တန်း-ဒေါ်ကျင်ဝမ်)၊ ဦးအောင်ရွှေ-ဒေါ်ရှုပ်ဝှါ၊ ဦးကျင်ရှိန်-ဒေါ်တင်စိန်၊ ဦးယုရုံ-(ဒေါ်တင်ကြည်)၊ ဦးလှမြင့်-(ဒေါ်မြင့်)၊ ဒေါ်သန်းလွင်၊ ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ ဒေါ်ရီစလင်း(ခ)ဒေါ်ခင်နှင်းအေး၏ခင်ပွန်း၊ ကိုလင်းအောင်သက်-မသစ်သစ်ဦး၊ Dr.မီမီသက် (အလုပ်သမားဆေးရုံကြီး)တို့၏ဖခင်ကြီးသည် ၁၉-၄-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို တိုက်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးဝင်း

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ ခြံအမှတ် ၉ နေ [ဦးလွင်(ခ)ဦးချူလွင်-ဒေါ်ကျင်ရန်]တို့၏သားထွေး၊ (ဦးဖိုးယား-ဒေါ်ယုကမ်)တို့၏သားသမက်၊ ဒေါ်ခင်အေးသန်း၏ခင်ပွန်း၊ ကိုမျိုးဇော်လတ်-မခင်သန္တာအောင်၊ ကိုမောင်မောင်ထွေး-မမျိုးယဉ်မင်း၊ မောင်မျိုးဇော်ထွဋ်၊ မမျိုးယုမင်း၊ မောင်မျိုးဇော်ထက်တို့၏ဖခင်သည် ၁၈-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းခင်

(မြန်အောင် ကျခတ္တန်းကျေးရွာ)

အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သာယာကုန်းလမ်း (ကြက်တန်း)၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၁၇၂)၊ သာသနာ့ဝေပုလ္လတိုက်အုပ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဦးကဝိသာရ၏ မယ်တော်သည် ၁၉-၄-၂၀၀၄ရက် ညနေ ၃း၁၅ နာရီတွင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၁၇၂)တွင် ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ရက် ညနေ ၄ နာရီတွင် မိုးကုတ်ရိပ်သာမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မိုးကုတ်ရိပ်သာမှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်အေး (လပွတ္တာမြို့)

ကုန်သွယ်ရေး(၂)၊ ငြိမ်း

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၆ လမ်း(အရှေ့)၊ အမှတ် ၂၂ နေ (ဦးဘိုးသာ-ဒေါ်ညွန့်)တို့၏သား၊ (ဒေါ်အုန်းရှင်)၏ခင်ပွန်း၊ (ကိုစောအောင်)၊ ကိုကျော်ဝင်း(စက်မှု-၁၊စက်ဘီးစက်ရုံ)-မချိုမာအေး၊ ကိုခင်ဦး (NLM)-မခင်နွဲ့(ကြေးမုံသတင်းစာတိုက်)၊ကိုသန်းဦး(မြန်မာ့အလင်းသတင်းစာတိုက်)တို့၏ဖခင်၊ မောင်သန်းဇော်(မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သံတွဲမြို့)-မစန်းစန်းဝင်း၊ မောင်ဝင်းဇော်-မကြည်ထွေး၊ မောင်တင့်ဇော်-မဥမ္မာ၊ မောင်မြင့်ဇော် (မြဝတီရုပ်မြင်သံကြား)-မသန်းသန်း၊ မောင်ညွန့်ဇော်၊ မောင်ထွန်းထွန်းဇော်၊ မောင်မောင်သီဟ၊ မဆွေသွင်ဦးတို့၏အဘိုး၊မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၈း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ကြည် (ညောင်တုန်း)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၊ ဗိုလ်ကျော်ဇောလမ်း၊ဗိုလ်စိန်မှန်ရပ်ကွက်နေ (ဦးဖိုးဆိုင်-ဒေါ်ဖွားရှင်)တို့၏သမီးထွေး၊ ဦးစိုးဝင်း-ဒေါ်ကြည်ကြည်ခင်၊ (ဦးသက်ဝေ)- ဒေါ်အမာရီ၊ ဦးမျိုးညွန့်-ဒေါ်နီနီ၊ ဦးသောင်း-ဒေါ်သန်းသန်းအေး၊ ဦးရဲမြင့်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ဌေးဌေးဝင်း၊ ဦးအောင်စိုးမြင့်-ဒေါ်နွဲ့နွဲ့မူ (ကျောက်တံတား၊ ကျန်းမာရေး)တို့၏အဒေါ်၊ မြေး ၂၉ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၁၈-၄-၂၀၀၄ရက် နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျော့စိန် (စစ်တွေ)

အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း ၃၊ ခေမာသီလမ်း၊ အမှတ် ၂၉နေ(ဦးမြသာထွန်း-ဒေါ်ရှင်မ)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်စောဦး)၊ (ဦးဘိုးထွန်း-ဒေါ်မမရှိ)တို့၏ ညီမ၊ ဦးကျော်စိန်-ဒေါ်ဦးမေ၊ (ဦးသန်းစိန်)၊ ဦးလှကြည်-ဒေါ်နှင်းအေးခိုင်(ခ)ဒေါ်ကံကြီး(မင်္ဂလာဈေး)၊ ဦးစံလှကျော်-ဒေါ်သိန်းတင်၊ ဦးကျော်သာ၊ ဦးမင်းဆွေ-ဒေါ်ညိုညို၊ ဦးမောင်တိုး-ဒေါ်ဝင်းဝင်းနု၊ ဦးသန်းဝင်း - ဒေါ်လှအုံးမယ်တို့၏အဒေါ်၊ မခင်မြမြစိန်၊ (မောင်သူရစိန်)-မမိုးမိုးနွယ်၊ ဒေါက်တာကျော်လှစိန်၊ ကိုမောင်မောင်ထွန်း-မသီရိစိန်နှင့် မြေး ၁၅ ယောက်တို့၏အဘောင်ရှင်၊ မြစ် လေးယောက်တို့၏အဖီးရှင်သည် ၁၇-၄-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဣန္ဒာစာရ မဟာထေရ်မြတ်

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေဝသာဂရသိမ်ကုန်း၊ တုလွတ်စံကျောင်းတိုက်၏ဦးစီးပဓာန မဟာနာယက လဇ္ဇီပေသလ၊ သိက္ခာကာမဖြစ်တော်မူသော ဘဒ္ဒန္တ ဣန္ဒာစာရ မဟာထေရ်မြတ်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ ရက် (၁၉-၄-၂၀၀၄ရက်) တနင်္လာနေ့ ညနေ ၄း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၅ ရက် (၂၃-၄-၂၀၀၄ရက်) အန္တိမအဂ္ဂိစျာပနဆင်ယင်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကေလာသ (မော်ကျွန်း)

(ဇောဓိတစ်ထောင်ဆရာတော်)

သက်တော်(၅၀)၊ သိက္ခာတော်(၃၀)

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊နတ်မှူးကျေးရွာအုပ်စု၊အောင်လှိုင်ကျေးရွာ ဇောဓိတစ်ထောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကေလာသ သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်(၁၁-၄-၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် အောင်လှိုင်ကျေးရွာ ဇောဓိတစ်ထောင်ကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ဆရာတော်၏ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကော်မတီနှင့် ဒါယကာ၊ဒါယိကာမများ၊ အောင်လှိုင်ကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်။

ခရစ်တော်၌အိပ်ပျော်ခြင်း

Thomas Cin Za Suan (Pa Seen) YCCF (Tonzang)

အသက်(၈၃)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နေ (Pu Gen Kai–Pi Ciin Niang)တို့၏ ပဌမမြောက်သား၊ (Pi Vung Zam)၊ (Pu Khup Cin Dai)၊ (Pu Kham Za Suan)၊ (Pu Pau Suan Kham)တို့၏ညီ/မောင်၊ Pu Kham Khan Dal၊ (Pu Gin Suan Nang)တို့၏အစ်ကို၊ (Pi Tun Zen)၏ခင်ပွန်း၊ အမှတ် ၁၃၈(ပထမထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ Rev. Sian Cin Thang (ICC)–Nu Zam Suan Niang၊ Nu Niang Ngaih Lian–Pa Gin Khen Thang (လ/ထ ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)၊ Nu Dim Ngaih Cing(အလက-၁၊ ပြည်)–(Pa Cin Khan Khup) မြို့နယ်မြေစာရင်းဦးစီးအရာရှိ၊ ပြည်၊ Nu Niiang Ngaih Lun (စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး)၊Nu Dam Ngaih Lian (အထက-တွန်းဇံ)–Pa Tuan Khen Mang၊ Pa Kai Suan Mung–Nu Niang Khan Lun၊ Pa Suan Thawn Thang–Nu Cing Khan Lun တို့၏ဖခင်၊ မြေး ၃၄ ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၆း၃၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဖာတီမာမယ်တော် ဘုရားရှိခိုးကျောင်း၊ အမှတ် ၂၉၂(ဘီ)၊ မြေနီကုန်း၊ စမ်းချောင်း၊ ပြည်လမ်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Nu Niang Za Man (Hai Ciin)

အသက်(၆၆)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ကျီခါးမြို့နယ်ခွဲ၊ ဟိုင်ကျင်းရွာနေ (Pu Lt. Kai Za Dal)–(Pi. Niang Khaw Zam) တို့၏ သမီးကြီး၊ (Pu Thang Za Cin)–(Pi Ning Khaw Cing)တို့၏ချွေးမ၊ Pa Cin Khen Pau-Nu Ciin Go Ning, Nu Niang Khaw Lian–Pa Thawng Za Tuan, Pa Laang Cin Kham တို့၏အစ်မ၊ Pa C-Thang Za Tuan (ဒုညွှန်ချုပ်၊အခြေခံပညာ-၃)–Nu Cin Khan Lun တို့၏မရီး၊ Lia Cing Lian Vung, Nu Niang Hau Mang(မြို့နယ် စာရင်းရုံး၊ ဟားခါး)–Pa Gin Lam Cin (ပြည်နယ် လျှပ်စစ်ရုံး)၊ Lia Pau Siam Cing (ဟိုတယ်ခရီး)၊ Tg Cin Zo Kim, Lia Zam Do Niang (Crocodile Garmet) တို့၏မိခင်၊ Tg Mang Than Tuang IX std, Tg Lal Len Sing VIII std, Tg En Pian Suum II std တို့၏အဘွား၊ (Pa Laang Cin Lal Flight Sergent)၏ဇနီးသည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။[ကားများ မောနွေလဘုရားကျောင်းရှေ့နှင့်အမှတ် ၅/၅/၆၁(ခ)၊ ပတ္တမြားလမ်း၊ထန်းခြောက်ပင်ကွေ့၊ရွှေပြည်သာ နေအိမ်တို့မှ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း

ဒု-လ/ထညွှန်ကြားရေးမှူး ပင်စင်ဦးစီးဌာန(ငြိမ်း)

အသက်(၇၅)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၄၆၈ နေ (ဦးဘိုးသောင်း-ဒေါ်ဒေါင်းရင်)တို့၏သား၊ (ဦးသန်းတင်)-ဒေါ်လှတင်တို့၏သားသမက်၊ ဒေါ်ယဉ်တင့်၏ခင်ပွန်း၊ ကိုအောင်ခိုင်-မယဉ်ယဉ်ဝင်း၊ မောင်ကိုကိုကြီး-မခင်ခင်ဝင်း၊ ကိုနိုင်ဝင်း-မနီနီဝင်း၊မောင်ကိုကိုမောင်၊ ကိုဇော်မိုးလွင်-မသဉ္ဇာဝင်း၊ကိုရဲအောင်-မဖြူဖြူသန့်၊ ကိုမျိုးသန့်ဆွေ-မပြုံးပြုံးဆွေ၊ မောင်မင်းထွေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၅-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထားဝယ်ချောင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

H.R မေလာ (ဦးရော်နီ)

အသက်(၆၅)နှစ်

တောင်ငူမြို့၊(၂၁)ရပ်ကွက်၊ မြိုင်သဇင်လမ်းနေ (H.E မေလာ–Mrs L.C မေလာ)တို့၏သားဦး၊ (စောဘိုရေး-နော်ရှသဲ)တို့၏သားသမက်၊ ဆရာမနော်အယ်လစ်စဘက်ဘိုရေး၏ခင်ပွန်း၊ ဒေါ်ရီလာထွန်းအေး-ဦးထွန်းအေး၊ဦးဂလင်(နိ)မေလာ]-ဆရာမနော်ဂရေ့(စ်)ချမ်းသာ၊ ဒေါ်ပက်စီ၊ ဦးကောရယ်အေးမင်းတို့၏အစ်ကိုကြီးသည် ၁၈-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၇း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် တောင်ငူမြို့၊ (၂၀)ရပ်ကွက်၊ မိတ္တဗလလမ်းနေ ဦးထွန်းအေး-ဒေါ်ရီလာထွန်းအေးတို့၏နေအိမ်မှ ၂၀-၄-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၉ နာရီတွင် ဝတ်ပြုဆုတောင်းပြီး အနောက်သုသာန်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောရွှေနီ

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၂၀(အေ)၊ ခဝဲခြံ ၁ လမ်း၊ အင်းစိန်မြို့နယ်နေ ဦးစောအားတင်ဖိုး-ဒေါ်အိုင်ဗရီဘောတို့၏သားထွေး၊ သိက္ခာတော်ရ ဆရာဦးစောဇော်ထွန်းဦး-ဒေါ်နန်းကြီး၊ ဦးစောဇော်ထွန်းဝင်း-ဒေါ်စိပယ်၊ ဦးစောထွေးကြာ-ဒေါ်ခေးမြင့်တို့၏ညီ/မောင်၊ တူ တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၁၉-၄-၂၀၀၄ရက် နံနက် ၁၂း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၀-၄-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် သမိုင်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်နှစ်ခြင်းသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုတင်အောင်လွင်

B.Sc (Maths)

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊(၂၉)ရပ်ကွက်၊ အမှတ် ၃၁၃၊ မြို့ပတ်လမ်းသွယ် ၃ နေ ဦးခွန်စောလွင်-ဒေါ်သန်းစောတို့၏သား၊ကိုပေါ်လွင်သိန်း-မဝါဝါလွင်တို့၏ညီ/မောင်၊ကိုတင်မောင်လွင်-မချောစုဝင်း၊ကိုညီညီလွင်-မခင်သန့်ထွေးတို့၏အစ်ကို၊ တူ တူမ နှစ်ယောက်တို့၏ ဦးလေးသည် ၁၉-၄-၂၀၀၄ရက် နံနက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

လီချန်ဖိုး(ခ)ဦးကြည်လွင်

(ညွှန့် ယိုစုံလုပ်ငန်း)

(အလုံ)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၄၀၊မြေညီထပ်နေ(လီယန်ခင်-ချင်ရှီ)တို့၏သား၊ (လီချွန်မြင့်)၊ လီချွန်ကျူချွန်ဝေ့တို့၏အစ်ကိုကြီး၊ ဒေါ်ညွန့် (ညွန့် ယိုစုံလုပ်ငန်း)၏ ခင်ပွန်း၊ ဦးအောင်သင်း-ဦးရဲနောင်-ဒေါ်မိမိမာ၊ ဦးဇော်လွင် - ဒေါ်စန်းစန်းကြည်၊ ဦးကြည်လင်၊ ဦးဝင်းလွင်-ဒေါ်ခင်ခင်အေး၊ ဦးညီညီအောင်၊ ဒေါ်တင်တင်ထွေးတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ယုန်ခနတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လေး (ကျိုက်ထို)

ဆက်သွယ်ရေး(အငြိမ်းစား)

အသက်(၇၀)

ကျိုက်ထိုမြို့နေ (ဦးမောင်လေး-ဒေါ်ညိုမြ)တို့၏သား၊ (ဒေါ်လုံးတင်)၊ ဒေါ်လုံးခင်၏မောင်၊ ဒေါ်တင်ကြည်၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၁၄၄/၂ နေ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်အေးအေး၊ ဦးသိန်းတန်-ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း-ဒေါ်ဌေးဌေး၊ (ဦးစိုးဟန်)-ဒေါ်သင်းသင်းခိုင်၊ ဦးစိုးထွန်း-ဒေါ်တင်တင်ဌေး၊ ဦးသိန်းဇော်-ဒေါ်ဖြူဖြူထွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း (ပုသိမ်)

အသက်(၄၅)နှစ်

ပုသိမ်မြို့၊ ကန်ကြီးထောင့်နေ(ဦးထွန်းရင်-ဒေါ်ဖွားစိန်)၊ (ဆား ဦးထွန်းစိန်-ဒေါ်မမလေး)တို့၏မြေး၊ (ဦးသောင်းကြည်)-ဒေါ်ခင်မေတို့၏သား၊ ဒေါ်နုနုရီ၊ ဦးခင်ထွန်း-ဒေါ်စန်းစန်းဝင်း၊ ဦးမျိုးသိန်း၊ ဦးသိန်းထွန်း-ဒေါ်မာမာဝင်း (Universal Bank)တို့၏ညီ/မောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာစောပြုံးနိုင် (ပထဝီဌာန)-ဒေါ်ခင်မွှာထွေးတို့၏အစ်ကို၊ မောင်ငြိမ်းချမ်းနိုင်(အာနီး)၏ဖခင်သည် ၁၈-၄-၂၀၀၄ရက် ည ၁၀း၀၅ နာရီတွင် အမှတ် ၅၁(သုံးလွှာ) ၈၇ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးရင် (သိပ္ပံစိုးရင်)

တွဲဖက်အတွင်းဝန်၊ ပြည်ထဲရေး(ငြိမ်း)

B.A,B.C.S (S.G); U.N:Fellow (London)

ကန်တော့ခံသက်ကြီးစာပေပညာရှင်

အသက်(၈၆)နှစ်

အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ-၂ လမ်း၊ အမှတ် ၄၁ နေ (ဦးဘမောင်-ဒေါ်မြစိန်)တို့၏သားကြီး၊ (ဦးစံညွန့်-ဒေါ်နု)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်စိန်၏ခင်ပွန်း၊ (ဦးမြင့်ဦး-ဒေါ်စန္ဒာစိုးရင်)၊ ဦးမင်းသူ(A/B, Uniteam Co.,Ltd.)-ဒေါ်ကလျာစိုးရင်၊ ဦးမြင့်စိုး[ဦးစီးအရာရှိ၊ ပဲခူးတိုင်း (အနောက်ပိုင်း)တရားရုံး]-ဒေါ်ကြေးမုံစိုးရင်၊ဒေါ်မာစိုးရင်(ဒု-မြို့နယ်တရားသူကြီး၊ ဝါးခယ်မမြို့)၊ ဦးစိန်အောင်(ရွှေထိပ်ကမ္ဘာ မုန့်နှင့်အလှမီးယပ်လုပ်ငန်း)-ဒေါ်မြတ်မြတ်စိုးရင်(M.Sc Engineering Physics Year-1)၊ ဦးသူရစိုးရင်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၄-၂၀၀၄ရက် ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်သိန်းအိ

သာယာဝတီမြို့နယ်

အသင်းသားအမှတ်(၂၂)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပိတောက်ရိပ်မြုံ ၁ လမ်း၊ အမှတ် ၁၃ နေ ဦးတင်သိန်း၏ဇနီး၊ (ဦးလှမိုး)-ဒေါ်တင်တင်အေး၊ ဦးအောင်မိုး-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ယဉ်ယဉ်သိန်း(အထက၊ နမ့်စန်း)၊ မင်းမင်းသိန်း၊မောင်တင်မောင်သိန်း(ခ)ဖိုးလမင်းတို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၁၉-၄-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်အောင် (ပခုက္ကူ)

အသက်(၆၆)နှစ်

ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ကျေးရွာနေ (ဦးသိန်း)-ဒေါ်လှခင်တို့၏သား၊ (၇)ရပ်ကွက်၊ အာဇာနည်လမ်းနေ ဒေါ်ခင်ရီ(အနန္တဂုဏ် တွင်ခုံလုပ်ငန်း)၏ခင်ပွန်း၊ ဦးအေးရှောင်-ဒေါ်ကျင်လှိုင်၊ ဦးသော်-ဒေါ်ဖျား (သော်တာဝင်းပွဲရုံ)၊ ဦးမှတ်-(ဒေါ်လှတင်)၊ ဦးသန်းဌေး-ဒေါ်ထား၊ ဒေါ်ရွှေကြည်တို့၏ အစ်ကို၊ မမာမာအေး၊ ကိုမြင့်လွင်-မခင်စန်းရီ၊ ကိုမြင့်စိုး-မနီလာ၊ ကိုတင်ထွန်း(နွေကိုတူး-ပခုက္ကူ)-မမြင့်မြင့်အေး၊ ကိုကျော်စိုး(H. Physics၊ ပခုက္ကူတက္ကသိုလ်)၊ မမိမိညို၊ ကိုရဲမြင့်အောင်-မလှလှသိန်းတို့၏ဖခင်၊ မောင်လက်ာချမ်းငြိမ်း၊ မောင်အောင်သူရ၊ မောင်အောင်သီဟနှင့် မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၁-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ထီးလင်းမြို့ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစောလှဖြူ (စစ်တွေ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

အသက်(၆၉)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်နေ (ဦးမောင်ထွန်းအောင်-ဒေါ်စလှခိုင်) စန်းသော်တာ ဆေးလိပ်ခုံတို့၏ သား၊ (ဦးစံမြကျော် - ဒေါ်ရွှေညှင်းဖြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၇၉၊ စိတ္တသုခလမ်း (ငါးလွှာ)နေ ဒေါ်မြခင်၏ခင်ပွန်း၊ ဦးအောင်စောဦး (3/0 Lizstar) - ဒေါ်သန်းမြင့်ချော၊ ကိုအောင်စောထွန်း(J/E.MTM Shipping) တို့၏ဖခင်၊ (ဒေါ်ဦးသာမေ-ဦးမြသာ)၊ (ဦးရွှေသာဘန်း)-ဒေါ်ထွေးတင်၊ ဒေါ်ရွှေခိုင်ဖြူ-(ဦးစိန်ညိုထွန်း)၊ ဒေါ်မသာနု-ဦးမောင်ဖြူ(ဦးရွှေစောအောင်)၊ (ဦးရွှေလှဖြူ)-ဒေါ်တင်အောင်တို့၏ ညီ/မောင်၊ ဒေါ်စောယဉ်ခိုင်၊ ဦးစောလှအောင်-ဒေါ်အေးမြိုင်၊ (ဒေါ်သိန်းနုခိုင်)၊ ဒေါ်ကျော့နုခိုင်တို့၏အစ်ကိုသည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တပ်ကြပ်ဖေသိန်းခိုင်

(ရမည်းသင်း)

လ/၁၁၀၂၄၄

ကြည့်မြင်တိုင် ရဲစခန်း

အသက်(၄၀)

ရမည်းသင်းမြို့၊ သီလဝလမ်း၊ ပန်းတိမ်ရပ်နေ (ဦးမြရွှေ-ဒေါ်ရီရီခင်)တို့၏သား၊ ဦးသိန်းဟန်-(ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်နီနီအေး၏ခင်ပွန်း၊ မောင်ခိုင်ထူး၊ မပြည့်ဖြိုးခိုင်တို့၏ဖခင်၊တကကထွန်းထွန်းဦး(ကကဆက်)-မသီသီရွှေ၊ ကိုချိုချိုမောင်-မညိုညိုမေတို့၏ညီ/မောင်၊မမေနွယ်ဝင်း (ဆည်မြောင်း)၊ ကိုမြတ်မင်းထွဋ်-မမြသီတာထွေးတို့၏အစ်ကိုသည် ၁၈-၄-၂၀၀၄ ရက် ညနေ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကြည့်မြင်တိုင် ရဲစခန်းဝင်းနေအိမ်မှ နံနက် ၁၁ နာရီတွင် ကားထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဇောအောင်

(စစ်တွေ/မောင်တော)

အသက်(၇၆)နှစ်

မောင်တောမြို့ (ဦးမောင်ကျော်ဦး-ဒေါ်စောညို)တို့၏သား၊ (ဒေါ်နုအောင်)၏ခင်ပွန်း၊ ဦးမောင်လှအောင်-(ဒေါ်ဦးသံဒါ)တို့၏မောင်၊ ဗိုလ်မှူးကျော်မောင်(ရေငြိမ်း)-ဒေါ်မောကြည်တို့၏အစ်ကို၊ ဦးပဲအောင်(ဆသရ၊ အင်/ယာ)-ဒေါ်တင်မာရီ(ဆသရငြိမ်း)၊ ဦးအောင်သန်း(ဆသရ)-ဒေါ်နုနုဌေး (တယ်လီဖုန်းအခွန်)၊ ဒေါ်ခင်မိမိကျော် (ကြေးနန်း)တို့၏ဖခင်၊ ယုနန္ဒာအောင်(3^{rd} MB)၊ ဖြိုးဖြိုးသန်း၊ မီးယပ်တို့၏အဘိုးရှင်သည် တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုခလမ်း၊ အမှတ် ၃၈ နေအိမ်၌ ၁၉-၄-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘမြင့်(၂) (ရေနံချောင်း)

ဦးစီးအရာရှိ(ငြိမ်း)

အကောက်ခွန်ဦးစီးဌာန

အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးဘိုးကွန်-ဒေါ်ညီမ)တို့၏သားထွေး၊ (ဦးမောင်မောင်အေး-ဒေါ်ခင်ခင်ရီ)တို့၏သားသမက်၊ (ဒေါ်ကြင်ကြင်)၊ (ဒေါ်ရီရီ)၊ (ဦးတင်ရှိန်-ဒေါ်တင်တင်)၊ (ဦးအေး)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ ဗိုလ်ချုပ်လမ်း၊အမှတ် ၃၈၄ နေ ဒေါ်ခင်မြအေး (ပြည်တွင်းအခွန်များဦးစီးဌာန၊(ငြိမ်း)၏ခင်ပွန်း၊ ဦးချစ်ဆွေ(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ပတခ)- ဒေါ်မေသင်းနွယ်(လ-၅၊ မရမ်းကုန်း)၊ (ဦးသိန်းသန်း)- ဒေါ်အေးအေးမြင့်၊ ဦးဇော်လင်း၊ (ဦးသူရ)-ဒေါ်ခင်စိုးသူ၊ ဦးရွှေဝင်း-ဒေါ်သီတာ၊ ဦးသန်းဝင်း-ဒေါ်လှမြတ်သီရိတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည်၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်တွင်ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်

ဒါယိကာမ မိစန်းစန်းချို

အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၁၁၄၆နေ (နိုင်ရေခဲ)-မိစိန်ဒါန်တို့၏သမီး၊ နိုင်တင်ဖေ(ကားပစ္စည်းဆိုင်-ဘုရင့်နောင်ဈေး)၏ဇနီး၊ မင်းဗညားကျော်စွာ၊ မင်းအောင်မွန်ချမ်း၊ မိအင်ကြင်းမွန်၊ မင်းဉာဏ်သိုင်း၊ မင်းသိုက်ဉာဏ် တို့၏မိခင်သည် ၁၈-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)

စာရေးဆရာတက္ကသိုလ်မင်းညို

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရဝဏ်ရိပ်သာ ၁ လမ်း၊ အိမ်အမှတ် ၂ နေ (ဦးတင်-ဒေါ်ဝေ)တို့၏ သား၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးထန်ခန်းနား၊ ဦးဝင်းမြင့်-ဒေါ်သန်းသန်းဇင်၊ ဦးအောင်ကျော်-ဒေါ်သီတာစိန်၊ ဦးသောင်းထွန်း (ဌာနခွဲ-၄၊ မထသ)-ဒေါ်မြမြစန်း (အထက-၃၊ ကမာရွတ်)၊ ဒေါ်စုစုဝင်း (အမက-၁၆၊ စမ်းချောင်း)၊ ဒေါ်နုနုဝင်း (အမက-၁၈၊ လှိုင်)-ဒေါက်တာသက်အောင်၊ ဦးကျော်ထွန်းတို့၏ဖခင်သည် ၁၆-၄-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဆရာဦးသိန်းထွန်း

(စမ်းချောင်း)

အသက်(၄၉)နှစ်

(ဦးမြသန်း-ဒေါ်ခင်မြ)တို့၏ သားထွေး၊ ဗိုလ်မှူးမြသန်း(ငြိမ်း)-ဒေါ်မြမြတို့၏သားသမက်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးဉာဏ်လွင်-ဒေါ်ဌေးဌေးတို့၏မောင်၊ ဗိုလ်မှူးချစ်ညွန့် (ခရိုင်အတွင်းရေးမှူး၊ရန်ကုန်မြောက်ပိုင်းခရိုင်)၊ ဒေါ်ဝင်းကြည်၊ ဦးလှမြင့်၊ ဦးအေးကျော်(ငြိမ်းချမ်းရေးယာဉ်လိုင်း)-ဒေါ်ခင်စိုးညွန့်တို့၏ညီ၊ ဒေါ်ချိုချိုဆင့်(ရွှေကြိုးကြာနှင့် ဒုံးပျံဆေးတိုက်)၏ ခင်ပွန်း၊ မောင်ကွန်းဇော်ထွန်း(ရေကြောင်းသိပ္ပံ)၊ မောင်ရဲမာန်ထွန်း(TTC)၊မသန္တာနီထွန်းတို့၏ဖခင်သည် ၁၈-၄-၂၀၀၄ရက် ည ၈း၁၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၉၊ ကျွန်းတောလမ်း၊ စမ်းချောင်း နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘကြည်သက်

အသက်(၄၈)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ဆင်နားချောင်းကျေးရွာနေ (ဦးဘအောင်)-ဒေါ်အေးကြည်တို့၏သား၊ ဦးဘညွန့်-ဒေါ်ရီတို့၏သားသမက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ ၁၇ လမ်းအနောက်၊ အမှတ် ၂၃ နေ (ဒေါ်စန်းစန်းဝင်း)၏ ခင်ပွန်း၊ မောင်ဇင်မျိုးသက်၊ မောင်ဝင်းထွဋ်သက် (မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၊ မဆုမွန်သက်တို့၏ဖခင်သည် ၁၉-၄-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

ဧပြီ ၁၉ ရက်က အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်ကွင်းစခန်းအတွင်း ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဖွင့်လှစ်ထားသော ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ရွှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧပြီ ၁၉ ရက်က အမျိုးသားညီလာခံ ကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမကြီးအတွင်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်း–ရွှေ့ဖုံး) (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၂၀၁၁၄၃

အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ကွင်းစခန်း အဝင်မုခ်ဦး၌ "အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ကြိုဆိုပါ၏" ဟူသော ကြိုဆိုရေးစာတန်းကို ရွှေရောင်စာလုံးများဖြင့် ရေးသားထားသည်ကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။ (သတင်း–ရွှေ့ဖုံး) (သတင်းစဉ်)

20-4 (20).p65 1 3/24/05, 11:07 PM